## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (၂၇)ရက်မြောက်နေ့မှတ်တမ်း

### ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

### (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

### (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

**မှုကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၆၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၇၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၅ ရက်၊

(၂) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၃) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၄) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၅) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး အစည်းအဝေးပြီးဆုံးသည်ထိ၊

(၆) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၂ ရက်၊

(၇) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၈) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၉) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၁၀) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၅ ရက်၊

(၁၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၁၂) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၂ ရက်၊

(၁၃) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၅ ရက်၊

(၁၄) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၅ ရက်၊

(၁၅) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၆) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတိ့ယ ခွင့် ၅ ရက်၊

(၁၇) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၁၈) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၂ ရက်၊

(၁၉) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၃ ရက်၊

(၂၀) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၃ ရက်၊

(၂၁) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၅ ရက်၊

(၂၂) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၅ ရက်၊

(၂၃) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ် ခွင့် ၅ ရက်၊

(၂၄) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၂ ရက်၊

(၂၅) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၂၆) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၅ ရက်၊

(၂၇) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၂ ရက်၊

(၂၈) ရေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၅ ရက်၊

(၂၉) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၃ ရက်၊

(၃၀) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလိုင် ခွင့် ၅ ရက်၊

**မူကြမ်း**

(၃၁) ဇဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၃၂) လိင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁ ရက်၊

(၃၃) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၃၄) ဆောမဲဆန္ဒနယ်မှ ဦးဋ္ဌေးမောင် ခွင့် ၅ ရက်၊

(၃၅) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၂ ရက်၊

(၃၆) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၃ ရက်၊

(၃၇) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိအုပ် ခွင့် ၅ ရက်၊

(၃၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းတင် ခွင့် ၃ ရက်၊

(၃၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၅ ရက်၊

(၄၀) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၃ ရက်၊

(၄၁) နမ့်စန်မဲဆန္ဒနယ်မှ ဦးဋ္ဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၅ ရက်နှင့်

(၄၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို အစည်းအဝေးပြီးဆုံးသည်ထိ တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင် ဆောင်ရွက်ပါမယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင်တည်ရှိသော စက်မလက်မသိပ်(GTI) ကျောင်း ယခင်က အတိုင်းနယ်ပယ်စုံ စက်မအတတ်သင်သိပ်အဖြစ် ပြန်လည်ထိန်းသိမ်းပြီး သင်တန်းကျောင်းအဖြစ် ပြန်လည်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိတီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းထိန်(မိတီလာမဲဆန္ဒနယ်)**။ ။ ကြွရောက်လာကြသော ပြည်သူ့လတ်တော် ဒုတိယ ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များနှင့် လတ်တော်ကိုယ်စားလှယ် အားလုံးမင်္ဂလာပါလို့ ဝတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျန်တော်တင်ပြမဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်မှာတည်ရှိတဲ့ အင်းစိန် GTI နဲ့ပတ်သက်တဲ့ မေးခွန်း ဖြစ်ပါ တယ်။ အင်းစိန် GTI နဲ့ပတ်သက်လို့ အရင်ကလည်း လတ်တော်ကိုယ်စားလှယ်တစ်ချို့က တင်ပြခဲ့ဘူး ပါသည်။ အခု ကျန်တော်တဖန်ပြန်ပြီးတော့ မေးခွန်းထုတ်ရတဲ့ ရည်ရွယ်ချက်က အင်းစိန် GTI ပင်ရင်းဖြစ်တဲ့ ပညာကိုအခြေခံတဲ့ Institution တစ်ခု ဖြစ်ပေါ်လာရေးကို ဦးတည်တဲ့မေးခွန်းဖြစ်ပါ တယ်။ အားလုံးလည်း ကြားဖူးကြမှာပါ။ ဒီ အင်းစိန် GTI နဲ့ပတ်သက်တဲ့ နှစ်ပေါင်း ၁၂၀ ပြည့်တဲ့ အခမ်းအနားကို ပြီးခဲ့တဲ့ရပ်သတပတ် ၂ ပတ်ခန့်ကျော်လောက်က ကျင်းပခဲ့ဖူးပါတယ်။ ဒီ GTI ဟာ ကိုလိုနီခေတ်ကတည်းက တည်ဆောက်ခဲ့တဲ့ အင်ဂျင်နီယာဆိုင်ရာ သိပ်ကျောင်းဖြစ်သော်လည်းပဲ အဲဒီ ကျောင်းကဆင်းလာတဲ့ ကျောင်းသား AGTI များဟာ တိုင်းပြည်ရဲ့တိုးတက်ရေးကို ကဏ္ဍပေါင်းစုံက ပါဝင်ခဲ့တယ်ဆိုတာအားလုံးလည်း သိကြပါတယ်။ GTI စတင်တည်ထောင်ကတည်းက နောက်ဆုံး ပိတ် ပိတ်သိမ်းတဲ့အချိန်အထိ တွက်မယ်ဆိုလို့ရှိရင် အင်ဂျင်နီယာ လူငယ်ကျောင်းသားပေါင်းဟာ သောင်းဂဏန်းမက သိန်းဂဏန်းအထိ ရှိခဲ့တယ်ဆိုတာ မှန်းဆလို့ရပါတယ်။

လတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ အင်းစိန် GTI နဲ့ပတ်သက်လို့ Power Point နဲ့ တင်ပြတာကို ခွင့်ပြုစေလိုပါတယ်။ ဒီ GTI ကို ပြီးခဲ့တဲ့တပ်မတော်အစိုးရလက်ထပ်က တစ်ခြား အဖွဲ့ကို တာဝန်လွဲပြီးတော့ ပေးအပ်ခဲ့ပါတယ်။ ပေးအပ်ခဲ့တဲ့အခါမှာ ဘယ်လိုအကြောင်းကြောင့် ပေးအပ်တယ်ဆိုတာတော့ ကျန်တော်တို့လည်း မှန်းဆလို့မရသော်လည်းဘဲ အခုချိန်မှာ အဲဒီ GTI ရဲ့ ဝန်ကြီးတစ်ခုလုံးရဲ့အဆောက်အဦတွေကို ဌာနပေါင်းစုံက အစိတ်စိတ်အမာမာ ပိုင်းခြားပြီးတော့ တာဝန်ပေးခဲ့တာ တွေ့ရပါတယ်။ အခုဒီမှာတွေ့တာဆိုလို့ရှိရင် ကိုယ်ပိုင်သီးသန့်ကျောင်းတစ်ကျောင်း ကို တာဝန်ပေးတယ်။ နောက်တစ်ခြားတစ်နေရာမှာတော့ ပုဂလိကဆေးရုံတစ်ခုဖြစ်ပါတယ်။ ဒီနေ ရာကြတော့ စည်ပင်ကအဆောက်အဦ။ ဒါကပုဂလိကဆေးရုံ။ အဲ့လိုအစိတ်စိတ်အမာမာဖြစ်တဲ့ အခါနဲ့ ပတ်သက်ပြီးတော့ ဒီကျောင်းကစီမံတဲ့ ကျောင်းသားဟောင်း၊ ကျောင်းသူဟောင်းတွေ တော် တော်များများဟာ သူတို့စိတ်မချမ်းမသာ ဖြစ်ကြရပါတယ်။ အဆိုးဆုံးကတော့ ပြီးခဲ့တဲ့အစိုးရ လက်ထက်မှာ ဒီ GTI ကျောင်းကို အချုပ်ခန်းအဖြစ်နဲ့ အသုံးပြုခဲ့တာကို ရင်နာစွာသိခဲ့ရပါတယ်။ ယခုအခါမှာ အဲဒီ GTI ပရဝုဏ်တစ်ခုလုံးကို ခွဲခြမ်း၍ ပုဂလိက ကျောင်တစ်ခုအဖြစ် တည်ဆောက် နေခြင်း၊ ပုဂလိကဆေးခန်း၊ ဆေးရုံတစ်ခုတည်ဆောက်နေခြင်းအားဖြင့် အခြားသော အဖွဲ့အစည်းများ ကိုနေရာပေး၍ အစိတ်စိတ်အမာမာပြုလုပ်ခြင်းခံနေရပါသည်။

ဒီလိုအဖြစ်များကြောင့် စိတ်ပါဝင်စားသူ ပြည်သူအများ၊ အထူးသဖြင့် GTI ကျောင်းဆင်း/ ကျောင်းသားဟောင်းများပါ ယူကြုံးမရခံစားနေရကြောင်း သိနေရပါတယ်။ ဒါ့အပြင် ဒီ အင်းစိန် GTI ဟာ ကျောင်းသား/ကျောင်းသူများအတွက် အဆောင်များရှိခြင်း၊ စာသင်ခန်းများအလုံအလောက် ရှိခြင်း၊ သင်ထောက်ကူပစည်းများ တည်ရှိနေခြင်းအပြင် ယုတ်စွာအဆုံးကျောင်းသား၊ ကျောင်းသူ များအတွက် အားလပ်ချိန်အနေနှင့် အင်းစိန် GTI ကို ပညာဝုဏ်ပြည့်ဝသည့် ပညာရေးအဆောက် အဦအဖြစ် ပြန်လည်ထိန်းသိမ်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်

အဖွဲ့အစည်းဝင်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ပဏာမဂါရဝပြုနှုတ်ခွန်းဆက်သ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေး ဝန်ကြီးဌာနရဲ့ ကိုယ်စား ဒုတိယဝန်ကြီး ကျန်တော် ဒေါက်တာဇော်မင်းအောင်က မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်ရဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်မှာ တည်ရှိသော စက်မှုလက်မှုသိပံ(GTI)ကို ယခင်ကအတိုင်း နယ်ပယ်စုံစက်မအတက်သင် သိပံအဖြစ် ပြန်လည်ထိန်းသိမ်းပြီး သင်တန်းကျောင်းအဖြစ် ပြန်လည်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိ ကိစနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျန်တော်တို့ ပညာရေး ဝန်ကြီးဌာနအနေနဲ့ကတော့ အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအဆင့်မြင့်ပညာတွေကို ပြီးဆုံး အောင် ဆက်လက်မသင်ကြားနိုင်တဲ့သူတွေကို အသက်မွေးဝမ်းကြောင်း ပညာများကို ဆက်လက် သင်ကြားပေးနိုင်ရေးအတွက် စက်မှုလက်မအထက်တန်းကျောင်းများ သိပံများကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီဘက်က အတန်းကျောင်းအပြင် ကျန်တော်တို့က အသက်မွေး ဝမ်းကျောင်းပညာများဟာလည်း လိုအပ်တယ်ဆိုတာ ၂၀၁၁ ခုနှစ်ကတည်းက စတင် ဆောင်ရွက် လာခဲ့တာဖြစ်ပါတယ်။ အဲဒီအထဲမှာလည်း အစိုးရစက်မှုသိပံ (အင်းစိန်) ကိုလည်း ဘာသာရပ်မျိုးစုံ သင်ကြားနိုင်တဲ့ Polytechnic Institute အဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ရေးကို ညှိနှိုင်းဆောင်ရွက် လျက်ရှိပါတယ်။ ဒီနေရာမှာ ကိုယ်စားလှယ်တော်ကြီး တင်ပြထားတဲ့ ယခင်ကအတိုင်း နယ်ပယ်စုံ သင်ကြားပေးနိုင်သောလို့ပြောပေမယ့် ယခင်ကတော့ နည်းပညာများကိုပဲ သင်ကြားပေးနိုင်တာ ဖြစ်ပါတယ်။ နည်းပညာဆိုတာကတော့ ခုနက မြို့ပြအင်ဂျင်နီယာ ဘာသာရပ်၊ စက်မအင်ဂျင်နီယာ ဘာသာရပ်၊ အီလက်ထရောနစ် အင်ဂျင်နီယာဘာသာရပ်စသည်ဖြင့် နည်းပညာတွေကို သင်ကြားပို့ချ ပေးခဲ့တဲ့ နေရာဖြစ်ပါတယ်။ ယခုမှာတော့ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် လက်ရှိလိုအပ်နေတဲ့ အသက်မွေး ဝမ်းကျောင်းဆိုတာလည်း အင်မတန်ကျယ်ပြန့်တဲ့အတွက် ယခင်မေးခွန်းများဖြေစဉ်ကလည်း အလျင်းသင့်လို့ ရှင်းပြဘူးပါတယ်။ အသက်မွေးဝမ်းကျောင်းမှာလည်း Level အဆင့်နဲ့လျော်ညီစွာ ESEAN မှာ သတ်မှတ်ထားတဲ့ အဆင့်တိုင်းမှာ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီအောင် ခုနက အင်ဂျင်နီယာ နည်းပညာဘာသာရပ်တွေတွင်မကပါဘူး ဟိုတယ် Toileting စသည်ဖြင့် ဒါတွေကို ဖွင့်လှစ်သင်ကြားနိုင်ဖို့အတွက် Polytechnic Institute အဖြစ် ပိုပြီးတော့ ဖွင့်လှစ်နိုင်ဖို့ ကျယ်ကျယ် ပြန့်ပြန့်ဖွင့်လှစ်နိုင်ဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**မှုကြမ်း**

အဲ့ဒီအပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ပညာရေးဝန်ကြီး ဌာနနှင့် AGTI Society အသင်းကနေပြီးတော့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပြီးတော့ ကြိုးပမ်း အားထုတ်မှုနဲ့ GTI ပညာရေးခရီးစဉ် နှစ်(၁၂၀)ပြည့်အခမ်းအနားကို ၁၂-၁၂-၂၀၁၅ ရက်နေ့မှာ ကျင်းပပြုလုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီအခမ်းအနားမှာလည်း နှစ်ပေါင်း ၁၂၀ သက်တမ်းရှိပြီဖြစ်တဲ့ အင်းစိန် G.T.I အဆောင်အဦကို ရှေးဟောင်းသမိုင်းဝင်အဆောက်အဦအဖြစ် မှတ်တမ်းတင်ထားရှိ နိုင်ရေးအတွက် ရန်ကုန်မြို့ရဲ့ မြို့ပြအမွေအနှစ်စာရင်းဝင် အမွေအနှစ်အပြာရောင် ကမည်းပြား (Blue Heritage Plaques) ကို AGTI Society အသင်းမှလည်း တပ်ဆင်မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါ တယ်။ ဒါကတော့ ကျွန်တော်တို့ လက်ရှိဆောင်ရွက်ထားတာဖြစ်ပါတယ်။ ရှေ့မှာ ကျွန်တော်တင်ပြခဲ့တဲ့ အပိုင်းမှာပဲ အင်းစိန် GTI ကြီးကို Polytechnic Institute အဖြစ် ဖွင့်လှစ်သွားနိုင်ရေးအတွက် အင်းစိန် GTI ပင်မဆောင်မှာ ရုံးလုပ်ငန်းအတတ်ပညာသင်တန်းများ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာ သင်တန်းများ၊ အခြားအသက်မွေးဆိုင်ရာသင်တန်းများအစဖြင့် ပုံမှန်သင်တန်းများအပြင် ကျမ်းကျင်မှု ဆိုင်ရာ စံနှုန်းအဆင့်ဆင့်နှင့်အညီ ကာလတိုသင်တန်းများရော ကာလရှည်သင်တန်းများကိုပါ ဖွင့်လှစ် ဆောင်ရွက်သွားရန် လျာထားလျက်ရှိပါတယ်။ နိဂုံးချုပ်အနေနဲ့ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်ရဲ့ မေးခွန်းကို ကျွန်တော့်အနေနဲ့ အတိုချုပ်ဖြေကြားရမယ်ဆိုရင် အင်းစိန်မြို့နယ်မှာရှိတဲ့ စက်မှုလက်မှုသိပ္ပံ GTI ကို Polytechnic Institute အဖြစ် ဖွင့်လှစ်သွားရန် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ယာဉ်ကြောမပိတ်ဆို့ရေးနှင့် ယာဉ်ရပ်နားရန်နေရာများ အမြန်ဆုံးစီစဉ်ပေးရန်အတွက် အစီ အစဉ်များရေးဆွဲဆောင်ရွက်ပေးပါရန်၊ (၁၈) နှစ်ပြည့်ပြီးသောသူများတစ်ဦးချင်း ကားတစ်စီး တင်သွင်းခွင့်လျှောက်ထားနိုင်သည်ကို အမြန်ဆုံးရပ်တန့်ရန်နှင့် ကားသစ်များသာ တင်သွင်း ရောင်းချသည့် Showroom ကြီးများမှ ဝယ်ယူသူများမှာ ကား Parking ရှိကြောင်း ထောက် ခံစာအဆင့်ဆင့် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းမှတစ်ဆင့် ပြည်ထောင်စုအဆင့်ထိ ရယူနေရ ခြင်းကြောင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်စေခြင်းနှင့် နိုင်ငံတွင်းလမ်းစည်းကမ်းနှင့် ကိုက် ညီသော ဘယ်မောင်းကားများသာ ပြောင်းလဲသုံးစွဲမှုကို အမြန်ပြောင်းလဲဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**မှူကြမ်း**

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။မင်္ဂလာပါခင်ဗျား။ လေးစားရတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းများကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမအချက်ကတော့ ကျွန်တော်တို့ ဒီငါးနှစ်အတွင်းမှာ ပြည်ပကနေပြီးတော့ နယ်စပ် ဂိတ်များမှ တစ်ဆင့် တင်သွင်းလာတဲ့ ယာဉ်စီးရေးပေါင်းဟာ ၆ သိန်းဝန်းကျင်ရှိပါတယ်။ ဒါကြောင့်မို့ လို့ ကျွန်တော်တို့ဒါ မြို့ကြီးတွေမှာ ယာဉ်ကြောပိတ်ဆိုတာတွေ ယာဉ်ရပ်နားရန် အခက်အခဲရှိတာတွေ တွေ့နေရပါတယ်။ အထူးသဖြင့် ရန်ကုန်-မန္တလေးတို့လို မြို့ကြီးတွေမှာ ယာဉ်ရပ်ရန် ပါကင်တစ်နေရာ လေးအတွက်ကိုပဲ ခိုက်ရန်ဖြစ်ပွားရတာတွေ လူသတ်မှုအထိ ဖြစ်လာတာတွေဟာ အင်မတန်ကို စိတ် မကောင်းစရာ အဖြစ်အပျက်တွေလည်း ဖြစ်ပါတယ်။ ဒါတွေမဖြစ်အောင်လည်း ထိန်းသိမ်းပေးရ ပါမယ်။ နိုင်ငံတကာမှာလည်း ဒါယာဉ်ကြောကြပ်တာတွေ ကားရပ်ရန် နေရာခက်တဲ့နေရာတွေ နိုင်ငံတွေအများကြီးရှိပါတယ်။ သူတို့ဆီမှာ ဘယ်လိုရှင်းတယ်။ ကျွန်တော်တို့ဆီမှာတော့ ဘာဖြစ်လို့ ဒီလောက်ထိ ဖြစ်သွားရတယ်။ ဒါတွေ ကျွန်တော်တို့ ကြည့်ပြီးတော့ ဆောင်ရွက်ရမှာပါ။ ကျွန်တော်တို့ လို ရန်ကုန်မြို့ကြီးတွေမှာဆိုလို့ရှိရင် ယာဉ်မရပ်ရဆိုပြီးတော့ သတ်မှတ်ထားတဲ့နေရာတွေ အများကြီး ပါပဲ။ သို့သော်လည်း ယာဉ်ရပ်နားရန်ဆိုပြီးတော့ သတ်မှတ်ပေးထားတဲ့နေရာတွေဟာ မတွေ့ရသ လောက်ဖြစ်နေတဲ့အတွက် ဒီကိစတွေကို ဖြေရှင်းပေးဖို့၊ ဆောင်ရွက်ပေးဖို့ တင်ပြတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒုတိယမေးခွန်းကတော့ အသက်(၁၈) နှစ်ပြည့်ပြီးသူတိုင်း ကားတစ်စီး တင်သွင်းခွင့် ရှိတယ်ဆိုပြီးတော့ ခွင့်ပြုပေးခဲ့တဲ့ မူအပေါ်မှာ ဒါစေတနာအရတော့ ကောင်းပါတယ်။ မူအရ ဖြစ်သင့် /မဖြစ်သင့်ဆိုတာ ပြန်လည်သုံးသပ်စဉ်းစားသင့်တယ်လို့ ထင်ပါတယ်။ (၁၈) နှစ်ပြည့်တာနဲ့ ကားဝယ် သွင်းနိုင်တဲ့ ဝင်ငွေရပြီးလား။ ဝင်ငွေခွန်ဆောင်ပြီးပြီလား။ အခုတော့ ဒါဝင်ငွေခွန်ဆောင်ပြီးတော့မှ ကားတင်သွင်းခွင့်ပြုမယ်ဆိုတာတော့ ဖြေလျှော့တာကတော့ တွေ့ရပါတယ်။ သို့သော်လည်းပဲ တစ်ကယ်တန်းကားတင်သွင်းခွင့်ပေးမယ်ဆိုလို့ရှိရင် Individual 3% (၂၅) နှစ်ကျော်မှသာ ခွင့်ပြု သင့်ကြောင်း တင်ပြပါတယ်။ ဒီကိစတွေမှာလည်း Showroom တွေရော၊ ကားရောင်းစင်တာ တွေရော အများကြီးရှိတဲ့အတွက်ကြောင့် အဲဒီနေရာတွေမှာ ဝယ်လဲရပါတယ်။ နိုင်ငံခြားမှ တင်သွင်း မှမဟုတ်ပါဘူး။ ဒီကိစလေးတွေ ပြန်လည်စိစစ်ပေးဖို့ မေးမြန်းခြင်းဖြစ်ပါတယ်။ တတိယအချက် ကတော့ ကားအသစ်တွေပဲ ဘယ်မောင်းတင်သွင်းပြီးရောင်းချတဲ့ Showroom ကြီးတွေ ရှိပါတယ်။ အဲဒီ ကားအသစ်တွေကိုပဲ ဝယ်တဲ့နေရာတွေကို ကျွန်တော်တို့ ကားပါကင်ရှိကြောင်း ထောက်ခံစာ အဆင့်ဆင့် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်ထောင်စုအဆင့်အထိ ပါကင်တောင်းနေရတာ

ပါကင်ရှိကြောင်းထောက်ခံစာ တောင်းနေရတဲ့အတွက် ကျန်တော်တို့ နိုင်ငံရဲ့လမ်းနဲ့ စည်းကမ်းနဲ့ အညီ ဘယ်မောင်းကားတွေကိုပဲ သုံးစွဲဖို့ အားပေးမြင်တင်မတွေပဲ မထိရောက်ဘဲနဲ့ လိုအပ်တဲ့ကိစ ရပ်များကြောင့် ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အမြန်ပြောင်းလဲဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် မည်သို့ဆက်လက်ဆောင်ရွက်မည်ကို သိလိုပါသဖြင့် ပြည်သူများကိုယ်စား လတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော ပြည်သူ့ လတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရေးဖြူမဲဆန္ဒနယ် ပြည်သူ့ လတ်တော်ကိုယ်စားလှယ် ဦးဝင်းဦး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်တော် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။

မော်တော်ယာဉ်များဈေးသက်သာပြီး များပြားစွာ တင်သွင်းသုံးစွဲလာကြသောကြောင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့ကြပ်တည်းမများ နေ့စဉ်ဖြစ်ပေါ်နေပါ၍ ယာဉ်ကြော မပတ်ဆို့ရေးနှင့် ယာဉ်ရပ်နားရန်နေရာများ အမြန်ဆုံးစီစဉ်ပေးရန်အတွက် အစီအစဉ်များ ရေးဆွဲ ဆောင်ရွက်ပေးပါရန် မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်မြို့တော်စည်ပင် သာယာရေးအဖွဲ့အနေဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်းတွင် ယာဉ်ကြောလေးလမ်းသွား အပြည့်အသုံးပြုနိုင်ရန်အတွက် ဘေးနှစ်ဖက်တွင် အလျား ၈၉၀ ပေ၊ အနံ ၁၂ ပေရှိ ယာဉ်ရပ်နားရန် ကားပါကင် နှစ်ခု ၊ ကြည့်မြင်တိုင်မြို့နယ်အထက် ကြည့်မြင်တိုင်လမ်း (ဗားကရားလမ်းနှင့် ဟံသာဝတီ လမ်းကြား) အရှည် ၄၂၀၀ ပေတွင် ယာဉ်သွားလမ်းဘေး၌ ၁၈ ပေအကျယ် ယာဉ်ရပ်နားရန်နေရာနှင့် ဗိုလ်ချုပ်လမ်းနှင့် အထက်ပုဇွန်တောင်လမ်းကြား အလျား ၁၄၀၀ ပေ၊ အနံ ၁၄ ပေရှိ ယာဉ်ရပ်နားနေ ရာ ကားပါကင်နှစ်ခုတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း(အနော်ရထားလမ်းနှင့် ဗန္ဓုလလမ်းကြား) အလျား ၈၃၀ ပေ၊ အနံ ၁၄ ပေ

ရှိ ယာဉ်ရပ်နားရန်နေရာ နှစ်ခုကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မော်တော်ယာဉ်များ ယာဉ်ကြောအပြည့် သွားလာနိုင်ရေးအတွက် အင်စိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်း(ဂျီတီအိုင်မှ ဒည်းကုန်းလမ်းစုံကြား) အရှည် ၁၁၈၀ ပေတွင် ယာဉ်သွားလမ်း ၆ လမ်းသွား အပြည့်မောင်းနှင်နိုင်ရန်အတွက် တစ်ဖက်တစ်ချက်စီတွင် ၂၀ ပေ အကျယ်စီချဲ့ထွင်ခြင်း၊ တောင်ဥက္ကလာပမြို့နယ်နှင့် သင်္ဃန်းကျွန်းမြို့နယ်နှင့် သံသုမာလမ်း(ပါရမီလမ်းမှ လေးထောင့်ကန်လမ်းအထိ)အရှည် ၁၁၄၀ ပေတွင် ယာဉ်သွားလမ်း ခြောက်လမ်းသွားအပြည့် မောင်းနှင်နိုင်ရန် တစ်ဖက်တစ်ချက်စီတွင် ၁၈ ပေ အကျယ်ချဲ့ထွင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မမဖြစ်စေရေးအတွက် လမ်းစုံနေရာများတွင် ဂုံးကျော်တံတားများ တည်ဆောက်ပေးခြင်း၊ အသစ်ထပ်မံဆောက်လုပ်မည့် အထက်မြင့်အဆောက်အဦများ ဆောက်လုပ်ရာတွင် ကားရပ်နားရန်နေရာပါရှိသော အဆောက်အဦများကိုသာ ဆောက်လုပ်စေခြင်း၊ မော်တော်ယာဉ်များ ညအိပ်ရပ်နားထားရှိနိုင်ရန်အတွက် ကားပါကင်သီးသန့် အဆောက်အအုံများဆောက်လုပ်ပေးခြင်းတို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်ကြောကြပ်တည်းမမဖြစ်ပေါ်စေရေးအတွက် ဟိုတယ်များနှင့် အထက်မြင့်အဆောက်အဦများ ဆောက်လုပ်ခြင်းကို ကားပါကင်ပါရှိခြင်းရှိ/မရှိ စိစစ်ပြီးမှသာ ခွင့်ပြုပေးလျက်ရှိပါတယ်။

(၁၈) နှစ်ပြည့်ပြီးသူများ တစ်ဦးချင်း ကားတစ်စီးတင်သွင်းခွင့် လျှောက်ထားနိုင်သည့်ကိစ္စကို အမြန်ဆုံးရပ်တန့်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ်(၆/၂၀၁၆)ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့ပါဝင်သော မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီအနေဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ပိုမိုပြည့်စုံစွာ စီစဉ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မော်တော်ယာဉ်နှင့်သက်ဆိုင်သော အဖွဲ့အစည်းများ ပညာရှင်ပုဂ္ဂိုလ်များနှင့်ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

ကားအသစ်များအား တင်သွင်းရောင်းချသည့် Showroom ကြီးများမှ ဝယ်ယူသူများမှာ ကားပါကင်ရှိကြောင်း ထောက်ခံစာအဆင့်ဆင့် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းမှတစ်ဆင့် ပြည်ထောင်စုအဆင့်အထိ ရယူနေရခြင်းကြောင့် အဂတိလိုက်စားမများ ဖြစ်ပေါ်နေခြင်းမေးခွန်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ရှိကြုံတွေ့နေရသောယာဉ်ကြောပိတ်ဆို့မနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် လမ်းများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ညအိပ်ရပ်နားခြင်းများဖြေရှင်းနိုင်ရန်အတွက် မော်တော်ယာဉ်အသုံးပြုသူများ စည်းကမ်းတကျရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၁-၁-၂၀၁၅ ရက်နေ့မှစတင်၍ ရန်ကုန်လိပ်စာဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်း ဝယ်ယူတင်သွင်းခြင်း၊ ကုမဏီများမှ တင်သွင်းခြင်းများအတွက် ကားပါကင်ခွင့်ပြုမိန့် ပါရှိမှသာတင်သွင်းရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ကားပါကင်ဝင်ခွင့်ပြုမိန့်များ လျှောက်ထားရာတွင် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ စတင်လျှောက်ထားရမည်ဖြစ်ပြီး မြို့နယ်စိစစ်ရေးအဖွဲ့မှ အဆိုပြုရာ နေရာများသို့ ကွင်းဆင်းစစ်ဆေး၍ အပတ်စဉ်တနင်္လာနေ့တိုင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြခြင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထပ်ဆင့်စိစစ်၍ အပတ်စဉ် အင်္ဂါနေ့တိုင်း တိုင်းဒေသကြီးကားပါကင်စိစစ်ရေးအဖွဲ့သို့ တင်ပြခြင်း၊ တိုင်းဒေသကြီးကားပါကင် စိစစ်ရေးအဖွဲ့မှ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း စိစစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့(Cabinet) အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ပြီး မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီသို့ အပတ်စဉ် ခွင့်ပြုမိန့်များပေးပို့လျက်ရှိပါတယ်။ ကာယကံရှင်တစ်ဦးအနေဖြင့် စတင်လျှောက်ထားချိန်မှ ခွင့်ပြုချက်ရရှိသည်အထိ (၂) ပတ်ခန့် ကြာမြင့်နိုင်ပြီး ကားပါကင်ခွင့်ပြုမိန့် လျှောက်ထားခြင်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခကြေးငွေကောက်ခံခြင်း၊ လျှောက်လာပုံစံရောင်းချခြင်းများ (လုံးဝ)မရှိပါ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကားပါကင်ခွင့်ပြုမိန့် ထုတ်ပေးခြင်းဆိုင်ရာ ခရိုင်၊ မြို့နယ်စိစစ်ရေးအဖွဲ့များကို တင်းကြပ်စွာ ထိန်းကွပ်ဆောင်ရွက်လျက်ရှိပါတယ်။ ကားပါကင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ အခကြေးငွေ တောင်းခံမများရှိပါကလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့သို့တိုင်ကြားပါက ထိရောက်စွာ အရေးယူသွားမည် ဖြစ်ပါတယ်။ မော်တော်ယာဉ်များ ဝယ်ယူအသုံးပြုရာမှာ ကားပါကင်ခွင့်ပြုမိန့်အား ဂျပန်၊ အမေရိကန်ကဲ့သို့ နိုင်ငံကြီးများတွင်ပင် ကျင့်သုံးဆောင်ရွက်လျက်ရှိပြီးတော့ မော်တော်ယာဉ်ဝယ်ယူ အသုံးပြုသူတစ်ဦးအနေဖြင့် မိမိပိုင်ဆိုင်သည့် ဧရိယာအတွင်း မော်တော်ယာဉ် ထားရှိရန်နေရာရှိမှသာ ဝယ်ယူသင့်သဖြင့်

ကားပါကင်ခွင့်ပြုမိန့်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားထားပါတယ်။

နိုင်ငံတွင်းလမ်းစည်းကမ်းနှင့် ကိုက်ညီသော ဘယ်မောင်းကားများသာ ပြောင်းလဲသုံးစွဲရန်အားပေးမ ထိရောက်မမရှိခြင်းနှင့် မလိုအပ်သော ကိစရပ်များကြောင့် ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အမြန်ပြောင်းလဲ ဆောင်ရွက်ပေးပါရန် မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးစနစ်နှင့် ကိုက်ညီသော မော်တော်ယာဉ်များ တင်သွင်းနိုင်စေရန် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစပြီး မော်တော်ယာဉ် တင်သွင်းခွင့်ပြုရာတွင် ရောက်ရှိခုနှစ်နှင့် တစ်နှစ်နိမ့်မော်ဒယ်ကားအသစ် (Brand New)တင်သွင်းခြင်းအတွက် (ဘယ်မောင်း)သာ ခွင့်ပြုလျက်ရှိပါတယ်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှာ ပြည်ထောင်စုလတ်တော်ဥပဒေအမှတ်(၅၅)အရ မော်တော်ယာဉ်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးတော့ မော်တော်ယာဉ်ဥပဒေ၏ အခန်း (၁၃)၊ ပုဒ်မ (၇၅)၊ ပုဒ်မခွဲ(န)တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ရည်ရွယ်၍ လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များသာ အသုံးပြုရန်ဟု ဖော်ပြထားသည့်အတွက် သက်ဆိုင်ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ နည်းဥပဒေရေးဆွဲထုတ်ပြန်ရာတွင် ကျယ်ပြန့်စွာ ပါဝင်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လက်ပံတန်းမြို့နယ်၊ မန်ကျည်းကွင်းကျေးရွာ ကွင်းအမှတ်-၁၁၅၉ ဦးပိုင်အမှတ်(55-N)၊ မြေ(၁၆၃.၆၂) ဧကကျယ်ဝန်းသော မန်ကျည်းကွင်းစားကျက်မြေအား စိုက်ပျိုးရေး၊ ကျေးရွာအုပ်စု မီးလင်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခြင်းသည် တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းရှိ/မရှိ၊ စားကျက်မြေ ပယ်ဖျက်ခြင်းနှင့် ကျေးရွာမီးလင်းရေး မည်သို့ဆက်စပ်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဒုတိယပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ ကျနော်တော်တ်ခွန်းဆက်ပါတယ်။ ကျနော်ကတော့ လက်ပံတန်းမဲဆန္ဒနယ်မှပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း ဖြစ်ပါတယ်။ ကျနော် ဒီမေးခွန်းကို မေးရခြင်းရဲ့ရည်ရွယ်ချက်ကတော့ ကျနော်တို့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်

မှာရှိတဲ့ မန်ကျည်းကွင်းကျေးရွာမှာရှိတဲ့ ကွင်းအမှတ်-၁၁၅၉ ဦးပိုင်အမှတ်(55-N) မြေ(၁၆၃.၆၂)ဧက ရှိတဲ့ မန်ကျည်းကွင်းစားကျက်မြေကို အောက်မြန်မာနိုင်ငံ ၁၈၇၆ ခုနှစ်၊ မြန်မာနိုင်ငံတော်အောက်ပိုင်း မြေယာနှင့်အခွန်တော်လက်စွဲဥပဒေအရ ကျန်တော်တို့အတည်ပြုခဲ့တာ ဖြစ်ပါတယ်။ အဲဒီမြေကို အခု အခါမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပဲခူးမြို့ရဲ့ ၇-၁၀-၂၀၁၅ ရက်စွဲပါ စာအမှတ် ၄/၂-၉၅(၉၈) ဦး ၁ အထဦးဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးတော့မှ ကျေးရွာအုပ်စုမီးလင်းရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ၁၁-၉-၂၀၁၅ ရက်နေ့မှာ ပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ်(၉/၂၀၁၅) ဆုံးဖြတ်ချက်အပိုဒ် ၁၇ အပိုဒ်ခွဲ(ဠ)ဖြင့် သဘောတူခွင့်ပြုခဲ့သဖြင့် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၆၈ အရ ၇-၁၀-၂၀၁၅ ရက်နေ့ မှစ၍ စားကျက်မြေအဖြစ်မှ နုတ်ပယ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့တဲ့အပေါ်မှာ ၎င်းစားကျက်မြေ ပယ်ဖျက်ခြင်းနှင့်ပတ်သက်ပြီးတော့မှ စားကျက်မြေပယ်ဖျက်ရာတွင် လက်ရှိတည်ဆဲဥပဒေလုပ်ထုံး လုပ်နည်းများနှင့်ညီညွတ်ခြင်းရှိ/မရှိနှင့် အဲဒီစားကျက်မြေပယ်ဖျက်တဲ့ အကြောင်းချင်းတစ်ရပ်အနေနဲ့ စားကျက်မြေပယ်ဖျက်ခြင်းကိစ္စဟာ ကျေးရွာမီးလင်းရေးနှင့် မည်သို့မည်ပုံဆက်စပ်နေတာကို ကျန်တော် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးကို မေးမြန်းချင် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဝတ်ခွန်းဆက်သအပ်ပါတယ်။ လက်ပံတန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းရဲ့မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်တော် ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မန်ကျည်းကွင်းကျေးရွာအုပ်စု မန်ကျည်းကွင်းအမှတ်-၁၁၅၉ မြေဧရိယာ ၁၆၃.၆၂ ဧကကို ၁၉၅၄ ခုနှစ်မှာ စားကျက်မြေအဖြစ် သတ်မှတ်ခဲ့ကြောင်းသိရှိရပါတယ်။ အဆိုပါ စားကျက်မြေများကို ၁၉၈၉ ခုနှစ်မှာ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဒေသဝမ်းစာဖူလုံရေးအတွက်ကို စပါးစိုက်ပျိုး၍ရနိုင်သော

မြေများမှာ တိုးချဲ့စိုက်ပျိုးရန်ညွှန်ကြားချက်အရ အဆိုပါစားကျက်မြေ ၁၆၃.၆၂ ဧကအနက် မြေဧရိယာ ၁၁၁.၂၀ ဧကအား တိုင်းတာသတ်မှတ်ပြီး မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစီအစဉ်ဖြင့် ဌာနဆိုင်ရာ/အဖွဲ့အစည်း ၁၀ ဖွဲ့သို့ တာဝန်ပေးစိုက်ပျိုးစေခဲ့ကြောင်း သိရှိရပါတယ်။ ဒီနောက် တောင်သူများနှင့်အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ ဌာနဆိုင်ရာ/အဖွဲ့အစည်း များမှ တောင်သူများနှင့်အကျိုးတူ ဆောင်ရွက်ခြင်းမပြုတော့ဘဲ ဒေသခံတောင်သူ ၁၃ ဦးမှသာ အစဉ်တစ်စိုက်လုပ်ကိုင်လာခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

မန်ကျည်းကွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသောင်းညွှန့်ပါ လယ်သမား ၁၃ ဦးတို့ဟာ မန်ကျည်းကွင်းကျေးရွာအုပ်စုမှာရှိတဲ့ စားကျက်မြေဧရိယာ ၁၆၃.၆၂ ဧကမှာရှိတဲ့မြေကို စားကျက်မြေ အဖြစ်မှ ပယ်ဖျက်ပြီးတော့ စိုက်ပျိုးမြေအဖြစ် ၁၁၁.၂၀ ဧက၊ ကန်မြေ ၁၇.၅၁ ဧက၊ အိမ်ခြံမြေ ၉.၅၁ ဧက၊ ဆည်မြောင်းမြေ ၅.၂၄ ဧကနှင့် အခြားမြေ ၂၀.၁၆ ဧကအဖြစ် သက်မှတ်ပေးရန် တင်ပြခဲ့မ အပေါ် သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီဌာနမှ ထောက်ခံတင်ပြလာတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၉-၁-၂၀၁၅ ရက်နေ့တွင်ပြုလုပ်သော တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး သဘောထားမှတ်ချက်နှင့်အတူ စားကျက်မြေပယ်ဖျက်မှုအမတွဲအား တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီဌာနရဲ့ ၁၆-၁-၂၀၁၅ ရက်စွဲပါစာအမှတ်ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးချုပ်သို့ တင်ပြခဲ့ပါတယ်။

အဆိုပါ စားကျက်မြေနှင့်ပတ်သက်ပြီးတော့ လက်ရှိအသုံးပြုနေတဲ့ မြေဧရိယာကို သက်ဆိုင်ရာ ဌာနများပါဝင်တဲ့ ပူးပေါင်းအဖွဲ့ဖြင့်စိစစ်ပြီးတော့ တည်ရှိစားကျက်မြေဧရိယာနှင့် လက်ရှိအသုံးပြု လျက်ရှိသည့်ဧရိယာ၊ စိုက်ပျိုးသီးနှံအမည်၊ တစ်ဧကအထွက်နှုန်း၊ တောင်သူလုပ်ကိုင်သောဧရိယာ၊ စတင်စိုက်ပျိုးသည့်ခုနှစ်၊ ကျဲ/နွားကောင်ရေစာရင်း၊ ပတ်ဝန်းကျင်တောင်သူများရဲ့ သဘောထား၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမအဖွဲ့နှင့် ရပ်မိရပ်ဖတို့ရဲ့အစည်းအဝေးမှတ်တမ်း၊ ပတ်ဝန်းကျင် မြေပုံ၊ သက်ဆိုင်ရာဌာနများရဲ့သဘောထား၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးတို့ရဲ့ သဘောထား မှတ်ချက်တို့နှင့်အတူ စားကျက်မြေပယ်ဖျက်ခွင့်အမတွဲအား ပြည့်စုံစွာတင်ပြရန် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ရဲ့ ၁၉-၃-၂၀၁၅ ရက်စွဲပါစာအမှတ်ဖြင့် အကြောင်းကြားခဲ့ပါတယ်။

ဒါ့အပြင် အဆိုပါ ကျေးရွာမီးလင်းရေးဆောင်ရွက်ရန်အတွက် စပါးစိုက်စားကျက်မြေအား ရောင်းချခဲ့ခြင်းနှင့်ပတ်သက်၍ မန်ကျည်းကွင်းကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာခြောက်ရွာမှ တောင်သူ

များမှ စားကျက်မြေရောင်းချရငွေအား လယ်သမားများတစ်ဝက်၊ ဌာနဆိုင်ရာမှတစ်ဝက် ရယူကြောင်း တိုင်ကြားခဲ့ခြင်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး မြေအသုံးချမစီမံခန့်ခွဲရေးကော်မတီမှ စိစစ်ခဲ့ ပါတယ်။ စိစစ်ချက်အရ ယခင်ကဌာနဆိုင်ရာအမည်ဖြင့် ရယူထားသောအဆိုပါစားကျက်မြေကို လယ်သမားများနှင့် အကျိုးတူလုပ်ကိုင်နေရာမှ ၂၀၁၁ ခုနှစ်မှစ၍ ဌာနဆိုင်ရာများမှ အကျိုးတူသီးစား ခရယူခြင်း၊ လုပ်ကိုင်ခြင်းမရှိတော့ဘဲ လက်ရှိလုပ်ကိုင်နေသူ တောင်သူများကသာ မြေရောင်းချရငွေ များအားလုံးကိုရယူပြီး ကျေးရွာမီးလင်းရေးအတွက်ကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်းတင်ပြခဲ့တဲ့အတွက် မြေအသုံးချမစီမံခန့်ခွဲရေးဗဟိုကော်မတီမှလည်း စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက် အစီရင်ခံစာများနှင့်အတူ နိုင်ငံတော်သမတရုံးသို့ တင်ပြခဲ့ပါတယ်။ နိုင်ငံတော်သမတရုံးမှ မန်ကျည်းကွင်းစားကျက်မြေအတွင်း လက်ရှိအသုံးပြုလျက်ရှိတဲ့ မြေအမျိုးအစားအလိုက် သက်ဆိုင်ရာ ဌာနများပါဝင်တဲ့ ပူးပေါင်းအဖွဲ့ဖြင့်စိစစ်၍ စားကျက်မြေမှ ပယ်ဖျက်ရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီဆောင်ရွက်သွားရန် ၁၁-၃-၂၀၁၅ ရက်စွဲပါစာအမှတ်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ပါတယ်။

ပယ်ဖျက်မည့် မန်ကျည်းကွင်းစားကျက်မြေဟာ စားကျက်မြေအဖြစ်အသုံးပြုမနည်းပါးပြီး စိုက်ပျိုးမြေ၊ ကန်မြေ၊ အိမ်ခြံမြေနှင့်အခြားမြေများအဖြစ် အသုံးပြုခဲ့သည်မှာ ၁၉၈၉ ခုနှစ်မှယနေ့ထိ ၂၅ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ခြင်း၊ မြေပြင်တွင်စိုက်ပျိုးနိုင်သည့် မြေအဖြစ်သို့ရောက်ရှိနေပြီဖြစ်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာ အထောက်အကူပြုအဖွဲ့များ၊ ကျေးရွာသူ/သားများက သဘောတူညီချက်အစည်းအဝေးမှတ်တမ်းများ ဖြင့် စားကျက်မြေအဖြစ်မှပယ်ဖျက်၍ စိုက်ပျိုးရေး၊ ကျေးရွာအုပ်စုမီးလင်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း များဆောင်ရွက်ရန်အတွက် အမတွဲဖွင့်လှစ်၍ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ အဆင့်ဆင့်ထောက်ခံချက်များ၊ နိုင်ငံတော်သမတရုံးရဲ့ လမ်းညွှန်ချက်များဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၉-၄-၂၀၁၅ ရက်စွဲပါစာအမှတ်ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန(ရုံးချုပ်)သို့ ပြန်လည်တင်ပြလာခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနမှ ထိုကဲ့သို့တင်ပြလာမအား စိစစ်၍ ပဲခူးတိုင်းဒေသကြီး သာယာဝတီ ခရိုင်၊ လက်ပံတန်းမြို့နယ်၊ မန်ကျည်းကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၅၉)၊ မန်ကျည်းကွင်းရှိ စားကျက်မြေအား စိုက်ပျိုးမြေအဖြစ် ၁၁၁.၂၀ ဧက၊ ကန်မြေအတွက်ကို ၁၇.၅၁ ဧက၊ အိမ်ခြံမြေ

အတွက် ၉.၅၁ ဧက၊ ဆည်မြောင်းမြေအတွက် ၅.၂၄ ဧကနှင့် အခြားမြေအတွက် ၂၀.၁၆ ဧက စုစုပေါင်း ၁၆၃.၆၂ ဧကကို စိုက်ပျိုးရေး၊ ကျေးရွာအုပ်စုမီးလင်းရေး ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ကို ၁၁-၉-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထဲရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီရဲ့ အစည်းအဝေးအမှတ်စဉ်(၉/၂၀၁၅)၊ ဆုံးဖြတ်ချက် အပိုဒ် ၁၇ အပိုဒ်ခွဲ(ဠ)ဖြင့် သဘောတူခွင့်ပြုချက် အရ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၆၈ နှင့်အညီ ပဲခူးတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၇-၁၀-၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာဖြင့် စားကျက်မြေအဖြစ်မှ ပယ်ဖျက် ခဲ့ခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စားကျက်မြေ ၁၆၃.၆၂ ဧကအား ပယ်ဖျက်ရာတွင် အမတ်ွဲဖွင့်လှစ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ စတင်လျောက်ထားကာ ကျေးရွာရပ်မိရပ်ဖများ၊ အထောက်အကူပြု ကော်မတီများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၏ထောက်ခံချက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဆင့်ဆင့်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ထောက်ခံချက်တို့ဖြင့် တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ စားကျက်မြေပယ်ဖျက်ရာတွင်လည်း စိုက်ပျိုးရေး၊ ကျေးရွာအုပ်စုမီးလင်းရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ပြချက်အရ ပယ်ဖျက်ခဲ့ခြင်းဖြစ်ရာ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပြီး စိုက်ပျိုးရေး၊ ကျေးရွာ မီးလင်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အသုံးချခဲ့တဲ့အတွက် စားကျက်မြေပယ်ဖျက် ခြင်းနှင့် ကျေးရွာမီးလင်းရေးလုပ်ငန်းတို့ ဆက်စပ်နေခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုဝန်ကြီးကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့်အပြန်အလှန်မေးခွန်းလေးမေးချင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စားကျက်မြေတွေနဲ့ ပတ်သက်ပြီးတော့မှ အခုလို ပယ်ဖျက်နေတဲ့ကိစ္စဟာ တည်ဆဲဥပဒေတွေနဲ့ညီညွတ်ခြင်းရှိ/မရှိဆိုတာနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်မေးတဲ့မေးခွန်းဖြစ်ပါတယ်။ အဲဒီတော့ စားကျက်မြေတွေနဲ့ပတ်သက် ပြီးတော့ ၁၈၇၆ ခုနှစ်၊ အောက်မြန်မာနိုင်ငံတော် မြေယာနှင့်အခွန်နည်းဥပဒေအရ ဆိုလို့ရှိရင်တော့ စားကျက်မြေတွေနဲ့ပတ်သက်ပြီးတော့ တည်ထောင်တယ်။ ကာကွယ်ထားတဲ့ဥပဒေဖြစ်ပါတယ်။ တည်ထောင်တယ်။ ကာကွယ်ထားတဲ့ဥပဒေထဲမှာ ဘာပါလဲဆိုလို့ရှိရင် စားကျက်မြေကို မည်သူမျှ မကျူးကျော်ရဘူး။ စားကျက်မြေတည်တံ့ရေးကိုလည်းပဲ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား

၃ မှာလည်း ပါပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၃ အရ စားကျက်မြေကို ထိန်းသိမ်းရမယ်၊ ကာကွယ်ရမယ်ဆိုတဲ့ ပုဒ်မလည်းပါနေပါတယ်။ နောက်တစ်ခုက ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေမှာ သော်လည်းကောင်း၊ ၂၀၁၂ ခုနှစ် မြေယာဥပဒေမှာသော်လည်းကောင်း စားကျက်မြေများနှင့် ပတ်သက်လို့ မည်သည့်အကြောင်းနှင့်မှ ပယ်ဖျက်ခြင်းမပြုရဆိုတဲ့ ၁၉၆၄ ခုနှစ်၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီရဲ့ ဆုံးဖြတ်ချက်တွေလည်းရှိပါတယ်။ စောစောကပြောတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေမှာသော်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမှာသော်လည်းကောင်း စားကျက်မြေများကို ထိန်းသိမ်းရမယ်ဆိုပြီးတော့မှ ပါထားတာလည်းရှိပါတယ်။ အဲဒီတော့ ကျန်တော် တင်ပြချင်တာက စားကျက်မြေများနှင့်ပတ်သက်လို့ တည်ထောင်ရေးနှင့် တည်တံ့ရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ကိစတစ်ခုကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ နည်းဥပဒေ ၁၈၇၆ ခုနှစ်၊ အောက်မြန်မာနိုင်ငံတော် မြေယာနှင့်အခွန်ဥပဒေ ၆၈ အရ ပယ်ဖျက်ပါတယ်ဆိုတဲ့အခါကျတော့ ၁၈၇၆ ခုနှစ်၊ အောက်မြန်မာနိုင်ငံတော် မြေယာနှင့်အခွန်ဥပဒေ ၆၈ ကိုကြည့်လိုက်တဲ့အခါကျတော့ အဲဒီနည်းဥပဒေဟာ ပယ်ဖျက်တဲ့ ဥပဒေမဟုတ်ဘဲနဲ့ စားကျက်မြေကို ကာကွယ်ပေးထားတဲ့ ဥပဒေများဖြစ်ပါတယ်။ ဒီဥပဒေနှင့် စားကျက်ကို ပယ်ဖျက်တယ်ဆိုတော့ ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ နောက်တစ်ခုကလည်းပဲ စားကျက်မြေကို ပယ်ဖျက်ဖို့ကိစနှင့်ပတ်သက်ပြီးတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်တုန်းကတော့ ဥပဒေ၊ နည်းဥပဒေတစ်ခု ထုတ်ခဲ့ပါတယ်။ အဲဒီမှာ ထုတ်ခဲ့တဲ့ ဥပဒေတော့မဟုတ်ဘူး။ နည်းဥပဒေမှာဆိုလို့ရှိရင် ဘယ်လိုပြဋ္ဌာန်းထားလဲဆိုလို့ရှိရင် အဲဒီစားကျက်မြေကို ပယ်ဖျက်တော့မယ်ဆိုလို့ရှိရင် ခရိုင်အုပ်ချုပ်ရေးမှူးက အရင်ဆုံးစုံစမ်းစစ်ဆေးရပါတယ်။ စုံစမ်းစစ်ဆေးတဲ့နေရာမှာ စားကျက်မြေပေါ်မှာ ကျူးကျော်နေတဲ့ လူတစ်ဦးတစ်ယောက်က။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်စပ်တဲ့မေးခွန်းလေး ဖြစ်ရမယ့်နေရာမှာ ရှင်းလင်းတင်ပြချက်က များနေတဲ့အတွက် မေးခွန်းကိုမရောက်တာဖြစ်နေတယ်။ ဒါပေမဲ့လည်း ကိုယ်စားလှယ်ကြီးရဲ့ ဆိုလိုချက်ကိုတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက သဘောပေါက်မယ်ထင်ပါတယ်။ အကယ်၍ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ ပြန်လည်ပြီး နားလည်လို့ ရှင်းလင်းနိုင်ရင်တော့ ရှင်းလင်းပေးပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ကျန်တော် ကိုယ်စားလှယ်တော်ကြီးမေးတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ကျန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊

သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မန်ကျည်းကွင်းကျေးရွာအုပ်စု မန်ကျည်းကွင်းအမှတ်(၁၁၅၉) မှာရှိတဲ့ မြေဧရိယာနှင့်ပတ်သက်ပြီးတော့ ၁၉၅၄ ခုနှစ်က စားကျက်မြေအဖြစ် သတ်မှတ်ထားတာဖြစ် ပါတယ်။ ဒီစားကျက်မြေကိုလည်း ၁၉၈၉ ခုနှစ်မှာလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက လယ်ယာစိုက်ပျိုးဖို့ စိုက်ပျိုးနိုင်တဲ့ အနေအထားရှိတဲ့အတွက် ဒါကိုလည်း ကျန်တော်တို့ သက်ဆိုင်ရာလမ်းညွှန်းချက်အရ သက်ဆိုင်ရာအဖွဲ့အစည်း ၁၀ ဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့တာ စိုက်ပျိုးရေးအတွက်ကို ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါပေမယ့် တချို့သော လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက တိုက်ရိုက်လုပ်သလို တချို့သော စိုက်ပျိုးရေးလုပ်ငန်းများကိုတော့ သက်ဆိုင်ရာ ဒေသမှာရှိတဲ့ ဒီတောင်သူများနှင့် ပူးပေါင်းပြီးတော့ အကျိုးတူဆောင်ရွက်ခဲ့တာဖြစ်ပါ တယ်။ နောက်ပိုင်းမှာတော့ ၂၀၁၁ ခုနှစ်မှာတော့ သက်ဆိုင်ရာတောင်သူတွေကပဲ လယ်ယာစိုက်ပျိုး ရေးကိစတွေကို ဆောင်ရွက်တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဒီဒေသမှာရှိတဲ့ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်တကွ ရပ်မိရပ်ဖများ၊ နောက်ပြီးတော့ ဒီအထောက်အကူပြုကော်မတီအဖွဲ့တွေက နေပြီးတော့ ဒီဒေသမှာ လက်ရှိအခြေအနေအရလည်း စားကျက်မြေအဖြစ်ကနေပြီးတော့ စိုက်ပျိုးမြေ အဖြစ်သုံးထားတာ ၂၅ နှစ်ကျော်လာပြီး ကျော်လာတာဖြစ်တဲ့အတွက် ဒါကို စားကျက်မြေအဖြစ် ပယ်ဖျက်ပေးဖို့ သူတို့ကျေးရွာအုပ်စုကနေ တင်ပြလာတာတွေ အဆင့်ဆင့် ခုနက လတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့သလိုပဲ မြို့နယ်အဆင့်၊ ခရိုင်အဆင့်က စိစစ်ပါတယ်။ စိစစ်ပြီးတော့ နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ စိစစ်ပြီးတော့ ဒီစိစစ်ချက်ကိုမူတည်ပြီးတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တင်ပြချက်ကိုမူတည်ပြီးတော့ ကျန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ဒါကို ကွင်းဆင်းပြန်စစ် ပါဆိုတဲ့ လမ်းညွှန်ချက်အရ မြေပြင်မှာ ခုနက ကျန်တော် ဆွေးနွေးတင်ပြခဲ့သလို ဒီစားကျက်မြေမှာ ရှိနေတဲ့ စိုက်ပျိုးဧကတွေ၊ သီးနှံပင်အထွက်နှုန်းတွေ၊ ကျဲ/နွားစာရင်းတွေ ပယ်ဖျက်လိုက်မယ်ဆိုရင် ကျန်တဲ့ စားကျက်မြေနဲ့ပတ်သက်ပြီး ကျေးရွာမှာရှိတဲ့ ကျဲ/နွားတွေရဲ့ စားကျက်မြေတွေ ဆက်လက် အသုံးပြုနိုင်မယ် စသည်ဖြင့် ဒီလို ဘက်ပေါင်းစုံကနေ ဆောင်ရွက်ပြီးတော့ ပြန်လည်တင်ပြခြင်းဖြစ်ပါ တယ်။ တင်ပြတဲ့အခါမှာလည်း စားကျက်မြေတင်ပြတဲ့အခါမှာလည်း သက်ဆိုင်ရာတစ်ဦးတစ်ယောက် တည်းမဟုတ်ဘဲနဲ့ ဒီဒေသမှာရှိတဲ့ ရပ်ကွက်ကျေးရွာ၊ ကျေးရွာအုပ်စုမှာရှိတဲ့ ပြည်သူ၊ တောင်သူတွေရဲ့ အကျိုးအတွက်ကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဆင့်ကဲဆင့်ကဲစိစစ်ပြီးမှ သမတရုံးရဲ့ လမ်းညွှန်ချက်နှင့် အတူ ဥပဒေနှင့်အညီဆောင်ရွက်ထားခြင်းဖြစ်တဲ့အတွက် ဒါဥပဒေနှင့်ညီတယ်ဆိုပြီးတော့ တင်ပြခဲ့ခြင်း

ဖြစ်ပါတယ်။ ဒါကိုလည်း စိုက်ပျိုးရေးနှင့် ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးဆိုတာ အဲဒီဒေသမှာ ၆ မိုင်လောက် ဒေသနှင့် ကျေးရွာအုပ်စုနှင့် မီးပေးမယ့် နေရာနှင့် ၆ မိုင်လောက်ဝေးပါတယ်။ ဝေးတဲ့အတွက် ကျပ်သိန်းပေါင်းများစွာကုန်ကျတဲ့အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူနှင့် တစ်ဝက်စီကျခံမယ့်စနစ်နှင့်ဆောင်ရွက်တဲ့အခါမှာ ပြည်သူတွေက ကျခံဖို့က ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် စားကျက်မြေအဖြစ်ကနေ စိုက်ပျိုးမြေအဖြစ်သုံးထားတဲ့ တောင်သူတွေကလည်း ဒီမြေကို အကျိုးတူဆောင်ရွက်မယ့် ဒီလုပ်ငန်းရှင်နှင့် ရောင်းချပြီးတော့ ဒီရတဲ့ ငွေနဲ့ပဲ တောင်သူတွေကလည်း သူတို့အကျိုးအတွက် မသုံးဘဲနဲ့ ဒီဒေသမှာရှိတဲ့ ပြည်သူတွေအကျိုး အတွက်ပဲသုံးဖို့ဆောင်ရွက်တာဖြစ်တဲ့အတွက် ကျန်တော်တို့က လုပ်ထုံးလုပ်နည်းအဆင့်ဆင့်နှင့် စိစစ် ဆောင်ရွက်တာဖြစ်တဲ့အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြန်လည် ဖြေရှင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး ကျေနပ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဘာလို့လည်း ဆိုတော့ ဒီနေရာကလည်း စားကျက်မြေနေရာလည်း ခုနက ရှင်းပြခဲ့သလိုပဲ တချိန်ကတော့ စိုက်ပျိုးရေး နှင့်ပတ်သက်ပြီးတော့ ကျွဲ နွားများ အသုံးပြုရာကနေ ဒီနေ့ စက်မှုလယ်ယာကိုလည်း ပြောင်းလဲနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက တင်ပြသွားတဲ့ထဲမှာလည်း ကျွဲ နွားများ အကောင်အရေအတွက်ပါ ကြည့်ပြီးတော့မှ သက်ဆိုင်ရာနယ်မြေဒေသကနေ ဆိုင်ရာလူကြီးများနဲ့ အဆင့်ဆင့် တင်ပြလာခဲ့တဲ့ အတွက် တရားဝင်ဆောင်ရွက်လာခဲ့တဲ့ကိစလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မပြည့်စုံသွားပေမယ့် လည်း ကျန်တော်ထင်ပါတယ်။ လတ်တော်ကိုယ်စားလှယ်ကြီး အဖြေများပေါ်မှာကျေနပ်နိုင်လိမ့်မယ် လို့ ကျန်တော်ထင်ပါတယ်ခင်ဗျား။ ပြည့်စုံပါတယ်။ ရပါပြီခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကိုးကန့်ဒေသလူအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှု ကာကွယ်ရန်နှင့် ပညာပေးပြန်လည်ပြုစု ပျိုးထောင်ပေးနိုင်ရန်အတွက် ဆေးကုသစခန်းနှင့် ပြန်လည်ထူထောင်ရေး စခန်း(ခွဲ) ဖွင့်လှစ်ပေးမည့် အစီအစဉ်များကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် မေးမြန်းဖို့ဖြစ်ပါတယ်ခင်ဗျား။

**ဦးကျော်နီနိုင်(လောက်ကိုင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားရပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ ကျန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်ခွင့်ရဒေသ၊ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လတ်တော်

ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အထူးလိုအပ်နေတဲ့ မူးယစ်ဆေးသုံးစွဲသူများ၊ ဆေးကုသစခန်း ပြန်လည်ထူထောင်ရေးစခန်းခွဲတစ်ခု ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာများမှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း ယခုနှစ်ကာလများတွင် ခေတ်သစ်မူးယစ်ဆေးဝါးများ၊ စိတ်ကို ပြောင်းလဲစေတတ်သောဆေးဝါးများ အဆမတန်ပေါ်များလာသည်နှင့်အညီ ကိုးကန့်ဒေသခံပြည်သူ လူထုနှင့် လူငယ်ထုများမှ မူးယစ်ဆေးဝါးသုံးစွဲသည့် အလေ့အထတစ်ခု ဖြစ်ထွန်းလာခဲ့ပြီး မူးယစ်ဆေးဝါးနှင့် ဤသားကောင်တို့ဘဝရောက်ရှိနေကြပါသည်။ ကျန်တော်တို့ ကိုးကန့်ဒေသအတွက် လူအရင်းအမြစ်များ လေလွင့်ဆုံးရှုံးနေရခြင်းအပေါ် အားလုံးက ပါဝင်တိုက်ဖျက် ဆောင်ရွက်ကြရန် တာဝန်ရှိကြသကဲ့သို့ ဆေးကုသစခန်းနှင့် ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ပြီး ပညာပေး ပြန်လည်ပျိုးထောင်ရန်လိုအပ်မည်ဟု ယုံကြည်ယူဆရပါတယ်။ ကိုးကန့်ဒေသပြန်လည်ထူထောင်ရေး စခန်းခွဲ ဖွင့်လှစ်နိုင်ရေးအတွက် ယခင်က ပိတ်သိမ်းထားသော လောက်ကိုင်မြို့ ရန်လုံကျိုင်းပြုပြင် ထိန်းသိမ်းရေးစခန်းဟောင်းမြေနေရာကို လွယ်ကူစွာအသုံးပြုနိုင်ပါတယ်။ ၄.၅ ဧကကျယ်ဝန်းပြီး နှစ်ထပ်တိုက်တစ်လုံးနှင့် တစ်ထပ်တိုက် ၁၆ လုံးရှိပါတယ်။ မြေလွတ်ဧက ၁၁.၅ ဧက အရန်သင့်ရှိပြီး ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးကုသရေးနဲ့ ပြန်လည်ထူထောင်ရေးစခန်းခွဲဖွင့်လှစ်ရန် အနေတော်အဆင့် အတန်းရှိပါသဖြင့် ကိုးကန့်ဒေသလူအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမမှ ကာကွယ်ရန်နှင့် ပညာပေး ပြန်လည်ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် ဆေးကုသစခန်းပြန်လည်ထူထောင်ရေးစခန်းခွဲ ဖွင့်လှစ်ပေးမည့်အစီအစဉ်များကို သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဖြိုးမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လောက်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်ရဲ့မေးခွန်းကို ကျန်တော်ကပဲ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၆၁ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းသို့ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ

၂၉ ရက်နေ့တွင်လည်းကောင်း၊ ၁၉၇၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များ တရားမဝင်သယ်ဆောင်ရောင်းဝယ်မတိုက်ဖျက်ရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းကို ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင်လည်းကောင်း အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၇၅ ခုနှစ်မှာ နည်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို အသစ်ပြဋ္ဌာန်းခဲ့ ပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှာ နည်းဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၎င်းဥပဒေနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့တဲ့အတွက် ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများဆိုင်ရာနှင့် ၁၉၇၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ နည်းဥပဒေများကိုလည်း ပြန်လည်ရုပ်သိမ်းခဲ့ပြီး ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟို အဖွဲ့ကို ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီးတော့ ၁၉၈၉ ခုနှစ်၊ ၁၉၉၃ ခုနှစ်၊ ၁၉၉၇ ခုနှစ်၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့မှာလည်း (၅)ကြိမ်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရဲ့ ကွပ်ကဲမှုအောက်မှာ မူးယစ်ဆေးစွဲသူများကို ဆေးဝါးကုသပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်(ဖယ်ခုံ)မှာရှိတဲ့ ရေပြည်အေးလူငယ်ပြုစုပျိုးထောင်ရေးစခန်း၊ မူဆယ်မြို့နယ်(တီးမ)ကျေးရွာမှာရှိတဲ့ ရေပြည်သစ်လူငယ်ပြုစုပျိုးထောင်ရေးစခန်းနှင့် ပြည်မြို့ (ဝက်ထီးကန်)ရှိ ရေပြည်သာလူငယ်များပြုစုပျိုးထောင်ရေးစခန်း သုံးခုတို့လည်း ဖွင့်လှစ်ထားရှိခဲ့ပါ တယ်။

တစ်နိုင်ငံလုံးအနေဖြင့် မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး ၂၆ ခုနှင့် မူးယစ်ဆေးစွဲရောဂါ ကုဌာနငယ် ၄၇ ခု စုစုပေါင်း ၇၃ ခုကိုလည်း ဖွင့်လှစ်ထားရှိပါတယ်။ ရှမ်းပြည်နယ်မှာ မူးယစ်ဆေးစွဲသူ များ ဆေးကုသပေးနိုင်ရေးအတွက်ကို မူးယစ်ဆေးစွဲရောဂါကုဌာနကြီး (၄)ခုကို လားရှိုး၊ တောင်ကြီး၊ လွိုင်လင်နှင့် ကျိုင်းတုံမြို့တို့တွင်လည်းကောင်း၊ မူးယစ်ဆေးစွဲရောဂါကုဌာနငယ် ၂၀ ခုကို ကလော၊ မိုင်းရှူး၊ ခိုလန်၊ ကွန်ဟိန်း၊ မိုးမိတ်၊ ကျောက်မဲ၊ မူဆယ်၊ မုံကိုး၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ ပန်ဆန်း၊ လောက်ကိုင်၊

ကွမ်းလုံ၊ နမ့်ဆမ်၊ မန်တုံ၊ မိုင်းဆတ်၊ မိုင်းယန်း၊ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်းတို့တွင်လည်းကောင်း၊ ပြန်လည်ထူထောင်ရေးစခန်းတစ်ခုကို လားရှိုးမြို့တွင်လည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးသုံးစွဲမကြောင့် ဖြစ်ပေါ်တတ်သောနောက်ဆက်တွဲဆိုးကျိုးများလျော့ပါးစေရေးအတွက်ကို Harm Reduction လုပ်ငန်းအစီအစဉ်အရ အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်တဲ့ အာရှဒေသအတွင်း မူးယစ်ဆေးဝါးသုံးစွဲမကြောင့်ဖြစ်ပေါ်တတ်သော နောက်ဆက်တွဲဆိုးကျိုးများလျော့ပါးရေးကွန်ယက် (AHRN-Asian Harm Reduction Network)၊ မူးယစ်ဆေးဝါးသုံးစွဲမှုသုတေသနအဖွဲ့(SARA- Substance Abuse Research Association)၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA-Myanmar Anti Narcotic Association) အဖွဲ့များနှင့်ပူးပေါင်းပြီးတော့ လားရှိုး၊ လောက်ကိုင်၊ သိန္နီ၊ နမတူ၊ တန့်ယန်း၊ ကျောက်မဲ၊ နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ တာမိုးညဲ၊ နမ့်ဖက်ကာ၊ တာချီလိတ်တို့တွင် မူးယစ်ဆေးစွဲသူလူငယ်များအတွက် အန္တရာယ်လျော့ချရေး ဝန်ဆောင်မများပေးခြင်း၊ ဆေးကုသနိုင်ရန်အတွက် ပို့ဆောင်ပေးခြင်းလုပ်ငန်းများကို(Drop in Centre)များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လောက်ကိုင်မှာရှိတဲ့ ရန်လုံကျိုင်းပြုပြင်ထိန်းသိမ်းရေးစခန်းဟောင်းအား မူးယစ်ဆေးဝါးသုံးစွဲသူများ ဆေးကုသစခန်းနဲ့ ပြန်လည်ထူထောင်ရေးစခန်းအဖြစ် ဖွင့်လှစ်နိုင်ရန် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရဲ့တင်ပြချက်အရ သက်ဆိုင်ရာတာဝန်ရှိသူများသည်ဘ် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှာ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ၎င်းစခန်းဟောင်းနေရာမှာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ပိုင်ဆိုင်ပြီး မြေဧရိယာ ၄.၅ ဧက ကျယ်ဝန်းပါတယ်။ နှစ်ထပ်တိုက် (၁)လုံး၊ တစ်ထပ်တိုက်အခန်းငယ် ၁၆ လုံး ပါရှိပါတယ်။ ကွင်းဆင်းစစ်ဆေးတဲ့အဖွဲ့များ စစ်ဆေးပြီးတဲ့နောက်ပိုင်းမှာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ အကြမ်းဖက်တိုက်ခိုက်မများကြောင့် ၁၇-၂-၂၀၁၅ ရက်နေ့မှာ နိုင်ငံတော်သမတရုံးရဲ့ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်(၁/၂၀၁၅)ဖြင့် အရေးပေါ်အခြေအနေကြေညာခဲ့ပြီး အမိန့်အမှတ် (၂/၂၀၁၅)ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခဲ့ပါတယ်။ ၁၈-၅-၂၀၁၅ ရက်နေ့မှာ အမိန့်အမှတ်(၃/၂၀၁၅)နှင့် (၄/၂၀၁၅) တို့ကို ထုတ်ပြန်ပြီးတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေရောက်ရှိစေရန်အတွက် ဆောင်ရွက်ခဲ့ရပါတယ်။

**မူကြမ်း**

လူမဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်နှင့် ဝက်ထီးကန်၊ ရေပြည်သာစတဲ့ ပြန်လည်ထူထောင်ရေး စခန်းအား ဖွင့်လှစ်ထားရှိပြီး မူးယစ်ဆေးစွဲသူလူနာများရဲ့ ပြန်လည်ထူထောင်ရေးအတွက်ကို သင်တန်း များပို့ချပေးလျက်ရှိပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မူးယစ်ဆေးဝါးသုံးစွဲသူများအား ဆေးဝါးကုသပေးခြင်းကို လောက်ကိုင်ခရိုင်ဆေးရုံကြီးမှာ ဖွင့်လှစ်ထားရှိတဲ့ မူးယစ်ဆေးစွဲရောဂါကု ဌာနငယ်မှာ ဆေးဝါးကုသပေးနိုင်မည်ဖြစ်ပြီး လိုအပ်သောဆေးဝါးများကုသမပြီးပါက ပြန်လည် ထူထောင်ရေးကိစ္စများအတွက် လားရှိုးပြန်လည်ထူထောင်ရေးစခန်းမှာ ရက်သတ္တပတ် ၁၀ ပတ်ကြာ သင်တန်းဖွင့်လှစ် လေ့ကျင့်ပေးနိုင်တဲ့အပြင် သင်တန်းဆင်းပြီးသည့်သင်တန်းသားများအား စောင့်ကြည့်ကြပ်မတ်ရေးအတွက်ကို ပြန်လည်ထူထောင်ရေးနှင့် နောက်ဆက်တွဲစောင့်ရှောက်ရေး (Aftercare) လုပ်ငန်းများဆောင်ရွက်နိုင်မယ့် ရပ်ရွာအခြေပြုစေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေး မှူးသင်တန်းကို စိတ်ပါဝင်စားသူဒေသခံများအား တစ်လကြာသင်တန်းများကိုလည်း လောက်ကိုင်မြို့ မှာ လူမဝန်ထမ်းဦးစီးဌာနမှ ပို့ချလေ့ကျင့်ပေးနိုင်မည်ဖြစ်တဲ့အတွက် ရန်လုံကျိုင်းပြုပြင်ထိန်းသိမ်းရေး စခန်းဟောင်း၊ ဆေးကုသရေးစခန်းနှင့် ပြန်လည်ထူထောင်ရေးစခန်းခွဲ(လားရှိုး)အဖြစ် ဖွင့်လှစ် ဆောင်ရွက်နိုင်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

**ကျောက်တန်းမြို့နယ်ရှိ ဒေသခံမိဘပြည်သူများ မျော်လင့်လျက်ရှိသော မှော်ဝန်းချောင်းကူးတံတား အသစ်တစ်စင်းကို တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်မင်း(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှလုံးစိတ်ဝမ်း အေးချမ်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျန်တော်တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ ဒေသဖွံ့ဖြိုးရေးအတွက် တံတား သစ်တစ်စင်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ပတ်သက်တဲ့မေးခွန်းကို တင်ပြမေးမြန်း သွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တော်တို ကျောက်တန်းမြို့နယ်မှာ ကျေးရွာအုပ်စု စုစုပေါင်း (၅၇)အုပ်စု လူဦးရေ တစ်သိန်းခြောက်သောင်းကျော် မှီတင်းနေထိုင်ကြပါတယ်။ လယ်ယာလုပ်ငန်းနဲ့ ရေထွက်လုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြ

ပါတယ်။ ကျေးရွာအုပ်စုများကိုတော့ မှော်ဝန်းချောင်းဖြင့် တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းဟူ၍ ပိုင်းခြားထားပါတယ်။ မှော်ဝန်းချောင်း တောင်ဘက်ကမ်းမှာရှိတဲ့ ကျေးရွာများတွင် တည်ရှိပြီးတော့ မုတ္တမပင်လယ်ကွေ့နဲ့ ဆက်စပ်နေပါတယ်။ ကျေးရွာအများစုဟာ သွားလာရေးခက်ခဲတဲ့ကျေးရွာတွေ ဖြစ်ပါတယ်။ မှော်ဝန်းချောင်း တောင်ဘက်ကမ်းမှာရှိတဲ့ ကျေးရွာတွေဖြစ်တဲ့ ပန်းတောာ၊ ဘော်ကလွတ်၊ ချောင်းဝ၊ မီးပြ၊ ဇွဲဘာကုန်းတန်း၊ ကွန္နီး၊ ကမာကလုတ်၊ ကုလားတန်းစသည့် ကျေးရွာများမှ မိဘပြည်သူများအား ပန်းတောကူးတို့ဆိပ်မှတစ်ဆင့် စက်လှေများဖြင့် မှော်ဝန်းချောင်းကို ဖြတ်ပြီးတော့ ကျောက်တန်းမြို့နှင့် သန်လျင်-ရန်ကုန်များကို နေ့စဉ်သွားလာနေကြပါတယ်။ ထို့အတွက်ကြောင့် အချိန်တိုအတွင်းသွားလာနိုင်ရန်အတွက် မှော်ဝန်းချောင်းကိုဖြတ်ပြီးတော့ တံတားသစ်တစ်စင်း တည်ဆောက်ပေးရန် အထူးဆောင်ရွက်လျက် ရှိကြပါတယ်။ တံတားသစ်တစ်စင်းတည်ဆောက်ပေး ရမယ်ဆိုပါက ဒေသထွက်ရေထွက်ပစည်းများနှင့် လယ်ယာထွက်ကုန်ပစည်းများကို အချိန်နှင့် တစ်ပြေးညီသွားလာနိုင်မှာဖြစ်ပြီးတော့ ဒေသကိုများစွာ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ် ပါ၍ ကျန်တော်တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျောက်တန်းမြို့နယ်၊ မှော်ဝန်းမြို့ကိုဖြတ်ပြီး တံတားသစ်တစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ အစီအစဉ်ရှိပါက မည်သည့်အချိန် ကာလတွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုသဖြင့် လတ်တော်မှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် လတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ မေတ္တာပို့သရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်မင်းရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျန်တော် ဒုတိယဝန်ကြီး ဦးခင်မောင်အေးက နေပြီးတော့မှ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လတ်တော်

ကိုယ်စားလှယ်ကြီး ဦးအောင်ကျော်ခင်က ယခုလို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းပေးတဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မှော်ဝန်းချောင်း ချောင်းကူးကွန်ကရစ်ဘိုးတိုင်တံတားသစ်တစ်စင်း ၁၅၅၀ပေ၊ ၃၁ပေနှင့် ၃၀ပေတည်ဆောက်မယ်ဆိုလို့ရှိရင် ငွေကျပ်သန်းပေါင်း ၆၂၀၀ သန်းကုန်ကျမှာ ဖြစ်ပါတယ်။ ကျေးရွာ ၁၅ ရွာရှိ လူဦးရေ ၃၁၃၄၉ ဦးတို့ကို အကျိုးပြုမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ်သန်းပေါင်း ၃၉၉၃.၄ သန်းဖြင့် ကွန်ကရစ်လမ်း ၁၈ မိုင် ၇ ဖာလုံ၊ ကျောက်ချောလမ်း ၇ မိုင် ၁ ဖာလုံ၊ မြေသားလမ်း ၂၄ မိုင် ၃ ဖာလုံ၊ ကွန်ကရစ်တံတား ၁၃၀ ပေ၊ သစ်သားတံတား ၈၀၈ ပေနှင့် Box Culvet ၁၈၅ပေတို့ကို ဆောင်ရွက်ဖို့ ခွင့်ပြုပြီးဖြစ်ပါတယ်။ ကျောက်တန်းမြို့နယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၇၆၇.၈၅၃ သန်းနဲ့ ကွန်ကရစ်လမ်း ၂ မိုင် ၁ ဖာလုံ၊ ကျောက်ချောလမ်း ၄ မိုင်၊ မြေသားလမ်း ၄ ဖာလုံနှင့် သစ်သားတံတား ၁၉၀ ပေတို့ကို ဆောင်ရွက်ဖို့ ခွင့်ပြုပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေနဲ့ ကျောက်တန်း-ဝဲကြီး-တံတား-သုံးခွလမ်းပေါ်မှာရှိတဲ့ မှော်ဝန်း တံတားကြီးကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ စီမံကိန်းစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှာ အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်တော် Slide မှာတင်ပြထားတဲ့အတိုင်း ညာဘက်မှာရှိနေတဲ့ တံတားကြီးဖြစ်ပါတယ်။ အဲဒီတံတားကြီးဟာ အရှည်ပေ ၉၀၀ကျော်ရှိပြီးတော့မှ အကျယ် ၂၄ ပေရှိ ကျေးရွာအုပ်စု ၃၀၊ ကျေးရွာပေါင်း ၄၅ ရွာမှာရှိတဲ့ လူဦးရေ ၈၁၄၇၈ ဦးတို့ကို အကျိုးပြုလျက်ရှိပါတယ်။ ဒါ့အပြင် လယ်ယာထွက်ကုန်စီးဆင်းမအတွက် အထောက်အကူပြုစိုက်ပျိုး မြေဧက ၁၂၇၇၁၂ ဧက၊ သားငါးအလွယ်တကူပို့ဆောင်ရေး အထောက်အကူပြု (ငါး+ပုဇွန်) မွေးမြူရေးကန်၁၂၃၈၉ ဧက၊ စာသင်ကျောင်း ၇၃ ကျောင်း၊ ကျောင်းသားဦးရေ ၁၃၂၃၅ ဦးကို အကျိုးပြုလျက်ရှိတဲ့ တံတားကြီးဖြစ်ပါတယ်။ တံတားမဆောက်မီအချိန်က ကျောက်တန်းကနေ သန်လျင်-သုံးခွ-တံတားမြို့အထိ တစ်နာရီခွဲခန့် အချိန်ယူသွားလာခဲ့ရပြီး ယခုအခါတွင် ကျောက်တန်း မြို့ကနေ တံတားမြို့သို့ နာရီဝက်အတွင်းမှာ အချိန်တိုတိုနဲ့ အလွယ်တကူသွားလာနိုင်ပြီ ဖြစ်ပါတယ်။ ကျောက်တန်းမြို့နယ်အတွင်းမှာရှိတဲ့ ဝဲကြီးကျေးရွာနှင့် စင်မကော်ကျေးရွာဖြတ် မှော်ဝန်းချောင်းကူး တံတားတစ်စင်း တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်မှ

**မူကြမ်း**

မေးမြန်းလာသော မှော်ဝန်းချောင်းကူးသစ်တံတားတစ်စင်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားတင်ပြထားခြင်း မရှိပါသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နှစ်စဉ်နိုင်ငံတော်ဘဏ္ဍာငွေ၏ လျာထားချက်များဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက် သောက်သုံးရေကန်များနှင့်ပတ်သက်၍ တင်ဒါခေါ်ယူရာတွင်မည်ကဲ့သို့ သတ်မှတ်ထားပါသနည်း၊ သတ်မှတ်သည့်အတိုင်း ဆောင်ရွက်မမရှိသည့် သောက်သုံးရေကန်များ၊ ကုမဏီများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်နည်း၊ ပြည်သူများ စံချိန်စံညွှန်းပြည့်ဝစွာ ရရှိမည့်သောက်သုံးရေကန်များ မရရှိသော ကန်ထရိုက်စနစ်ကြီးအား မည်ကဲ့သို့ ပြုပြင်ဆောင်ရွက်မည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးများနှင့် ဧည့်သည်တော်များ ကျန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်ဖြစ်ပါတယ်။ ကျန်မအနေနဲ့ အစိုးရသစ်လက်ထက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်နိုင်ဖို့အတွက် ဝန်ကြီးဌာနသီးခြားခွဲပြီးတော့ ကျေးလက်နေပြည်သူများရဲ့ ဖွံ့ဖြိုးတိုးတက်မအတွက် လိုအပ်နေတဲ့ လမ်း၊ တံတား၊ ရေ၊ မီးအစရှိတဲ့ ဆင်းရဲမလျှော့ချရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ပေးခဲ့ပါတယ်။ ဆောင်ရွက်ပေးခဲ့တဲ့အထဲမှာ ရေရရှိရေးလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျန်မတို့ နှစ်စဉ် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေလျာထားမနဲ့ သောက်သုံးရေးရရှိမအတွက် သောက်သုံးရေအတွက် ကုမဏီရေကန်တွေကို ကုမဏီအသီးသီးကို တင်ဒါစနစ်နဲ့ လုပ်ငန်းဆောင်ရွက်စေခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ တင်ဒါအောင်မြင်တဲ့ ကုမဏီတွေက ရရှိတဲ့လုပ်ငန်းတွေကို တူးဖော်ဖို့အတွက် သတ်မှတ်ထားတဲ့ ပေးထားတဲ့ဆောင်ရွက်မ အဆင်သင့်အတိုင်း မဆောင်ရွက်ကြဘဲနဲ့ ရလာတဲ့ကုမဏီကနေအဆင့်ဆင့်သော ကန်ထရိုက်စနစ်တွေကို ပေးခဲ့တဲ့အတွက်ကြောင့် ကျန်မတို့ပြည်သူတွေမှာ သောက်သုံးရေနှင့်ပတ်သက်ပြီးတော့ ပေးကားပေးပြီး မရခဲ့

ဖြစ်ပါတယ်။ လာရောက်ဆောင်ရွက်ကြတဲ့ ကုမ္ပဏီတွေကုမ္ပဏီတွေမှာလည်း အလုပ်သမား ခေါင်းဆောင်တစ်ဦးနဲ့ ၎င်းတို့ငှားလာတဲ့ အလုပ်သမားတွေသာပါပြီးတော့ ကျေးရွာအုပ်စုမှာရှိတဲ့ ဒေသခံတွေကို ဒီကုမ္ပဏီ တွေက သူတို့ပဲလာရောက်ပြီးတော့ လှူဒါန်းပေးသလိုပုံစံမျိုးတွေနဲ့ ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။ ကျေးလက်ဒေသတွေမှာ အမှန်တကယ်ဆောင်ရွက် ရမယ့် ရေကန်တစ်ခုအတွက်လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ခြင်းကြောင့် နိုင်ငံတော်က တကယ်လိုနေတဲ့ပြည်သူတွေကို ပေးလို့မရဘဲနဲ့ အောက်ခြေပြည်သူတွေက ဒီကန်ထရိုက်အစုငွေ တွေမှာ ပြန်လည်ပြီးတော့ မေးတဲ့အခါမှာ ဒီကုမ္ပဏီအောင်တဲ့ကန်ထရိုက်တွေနဲ့ တွေ့ခွင့်မရဘဲ အလုပ်သမားခေါင်းဆောင်နဲ့သာ တွေ့နေရတဲ့အတွက်ကြောင့် ကျန်မတို့လုပ်ငန်းတွေ လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ခွင့်တွေ မရခဲ့ပါဘူး။ ဒါကြောင့်မို့လို့ သိရှိလိုသည်မှာ ကျေးလက်သောက်သုံးရေကန်များ ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူသူတွေကို ဘယ်လိုဆောင်ရွက်ပါသလဲ။ တင်ဒါခေါ်ယူရာမှာ ရေကန်တစ်ခုအတွက်အပိုင်းလိုက်သတ်မှတ်ချက်များ လုပ်ငန်းတန်ဖိုးများကို မည်ကဲ့သို့ သတ်မှတ် ထားပါသလဲ။ သတ်မှတ်ထားတဲ့အတိုင်း လုပ်ငန်းများ ဆောင်ရွက်မမရှိတဲ့ သောက်သုံးရေကန် ကုမ္ပဏီ များအား မည်ကဲ့သို့အရေးယူ ဆောင်ရွက်ပေးပါသလဲ။ နိုင်ငံတော်မှ ဒေသခံပြည်သူများအတွက် အမှန် တကယ်လိုအပ်နေတဲ့ရှိနေတဲ့ သောက်သုံးရေကန်တွေကို ဆောင်ရွက်ပေးခဲ့သော်လည်းပဲ အဆင့်ဆင့် သောကုမ္ပဏီများမှ ကန်ထရိုက်ဆက်ကာဆက်ကာပေးခဲ့ကြပြီး ပြည်သူများအတွက် စံတိုစံချိန်စံနှုန်း ပြည့်ဝစွာရရှိမယ့် သောက်သုံးရေကန်များ မရရှိသေးတဲ့ ကန်ထရိုက်စနစ်ကြီးကို မည်ကဲ့သို့ပြုပြင် ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာန)**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ငပုတော မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်ရဲ့မေးခွန်းကို ကျန်တော်ကပဲဆက်ပြီး ဆက်လက် ဖြေကြားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကြီး

တစ်ခုအောက်မှာ မေးခွန်းငယ်လေးတွေလေးခု မေးထားတာကိုလည်း တွေ့ရှိရပါတယ်။ အခုလို ကျေးလက်ဒေဖွံ့ဖြိုးရေး အတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာတွေကို ကွင်းဆင်းပြီးတော့မှ ဒေသဖွံ့ဖြိုးရေးအတွက် စိတ်အား ထက်သန်စွာမေးမြန်းပေးတဲ့အတွက်လည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် သန်းပေါင်း ၅၀၁၆.၂၈ သန်းနဲ့ ရေရရှိရေးအတွက် တွင်းတိမ် ၂၀၄ တွင်း၊ တွင်းနက် ၄၂၀ တွင်း၊ လက်တူးတွင်း ၁၆ တွင်း၊ မြေသားရေကန် ၁၇၄ ကန်၊ အခြားရေရရှိရေးလုပ်ငန်း ၂ ခု စုစုပေါင်း ရေရရှိရေးလုပ်ငန်း ၈၁၆ ခုကို ဆောင်ရွက်ဖို့ ခွင့်ပြုပြီးဖြစ်ပါတယ်။ ပြည်သူ့လတ်တော်ကိုယ်စားလှယ် ကြီး မေးမြန်းတဲ့ မေးခွန်းထဲမှာ သောက်သုံးရေကန်များဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူမကို ဘယ်လိုဆောင်ရွက်ပါသလဲဆိုတာနဲ့ ပတ်သက်ပြီး ထပ်ဆင့်ကျန်တော်ဖြေကြားရရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်နဲ့ ဆောင်ရွက်ရန်ခွင့်ပြုထားတဲ့ ကျေးလက်သောက်သုံး ရေကန်တူးဖော်ခြင်း လုပ်ငန်းများအပါအဝင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းအားလုံးကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း ဒေသကြီးအဖွဲ့နဲ့ ကြီးကြပ်မနဲ့ အိပ်ဖွင့်တင်ဒါတွေခေါ်ယူပြီး လုပ်ငန်းအပ်နှံဆောင်ရွက် လျက်ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ တင်ဒါလုပ်ငန်းတွေ ဆောင်ရွက်တဲ့ နေရာမှာ ပွင့်လင်းမြင်သာမရှိစေရေးနှင့်အရည်အသွေးကောင်းမွန်စေရေးအတွက် တိုင်းအဆင့်ဌာန ဆိုင်ရာ ဝန်ထမ်းများပါဝင်တဲ့ အိပ်ဖွင့်တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။ ကော်မတီအနေနဲ့ ၂၀၁၅ ခုနှစ် မတ်လ ၂၀ ရက်နေ့ကနေ ဧပြီလ ၂၇ ရက်နေ့အတွင်းမှာ နိုင်ငံပိုင်သတင်းစာများ၊ ကြော်ငြာစာများထည့်သွင်းပြီး အိပ်ဖွင့်တင်ဒါများ ခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်းများကို ဆောင်ရွက်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံခန့်ခွဲရေး ကော်မတီ၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တင်ပြအတည်ပြုချက်ရယူပြီး ဆောင်ရွက်မှာ ဖြစ်ပါ တယ်။ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်းမှာ ခွင့်ပြုထားတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဒေ သပေါက်စျေးနှုန်းနဲ့ လုပ်ငန်းပမာဏတန်ဖိုး ခန့်မှန်းတွက်ချက်မများကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီရဲ့ စစ်ဆေးအတည်ပြုချက်ဖြင့်သာ တင်ဒါ အောင်မြင်တဲ့ ကုမဏီတွေကို စာချုပ်ချုပ်ဆို လုပ်ငန်းအပ်နှံပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**မူကြမ်း**

ဒုတိယမေးခွန်းဖြစ်တဲ့ ရေကန်တစ်ခုအတွက် အပိုင်းလိုက်သတ်မှတ်ချက်များ လုပ်ငန်းတန်ဖိုးတွေကို ဘယ်လိုသတ်မှတ်ထားပါလဲဆိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်း တင်ပြရမယ်ဆိုရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေနှင့်ဆောင်ရွက်တဲ့ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းတွေထဲမှာ နံပါတ်(၁)အနေနဲ့ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆိုပြီး သီးခြားဘတ်ဂျက်ခွဲပါတယ်။ အဲဒီမှာ ခန့်မှန်းငွေကျပ် ၃.၆၄ သန်း လျာထားပါတယ်။ အလားတူ ခြံစည်းရိုးကာရံခြင်း၊ Chain Link ကာရံခြင်းကို ၁၇၅ ပေ အလျား၊ အနံ ၆ ပေ၊ အမြင့် အဲ့ဒီအတွက် ခန့်မှန်းကျပ် ၂.၇ သန်း လျာထားပါတယ်။ လက်နှိပ်တုံကင် လေးခုတပ်ဆင်ဖို့အတွက် ခန့်မှန်းငွေကျပ် .၂ သန်း၊ သယ်ယူစရိတ် မမျော်မှန်းနိုင်တဲ့ကုန်ကျစရိတ်နဲ့ ကုန်သွယ်ခွန် ငါးရာခိုင်နှုန်းအပါအဝင် ခန့်မှန်းငွေ ကျပ် .၄၅ သန်း စုစုပေါင်း ကျပ် ၇ သန်းခန့်မှန်းငွေနဲ့ ဆောင်ရွက်ဖို့ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ ဒီမှာ ကြည့်ရင် အပိုင်းကြီး လေးပိုင်းလျာထားတာ ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေနဲ့ဆောင်ရွက်တဲ့ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများကို ခြံစည်းရိုးကာရံခြင်း၊ လက်နှိပ်တုံကင်တပ်ဆင်ခြင်းလုပ်ငန်းများ ပါဝင်မမရှိဘဲနဲ့ ကန်တူးဖော်ခြင်းလုပ်ငန်းအတွက်သာ သတ်မှတ်ပြီးတော့မှ ၁၀၀ ပေအကျယ်၊ ၆ ပေအနက် ရေကန်တူးဖော်ခြင်းလုပ်ငန်းကို ခန့်မှန်းငွေကျပ် ၃.၅ သန်းဖြင့် ခွင့်ပြုဆောင်ရွက်စေခဲ့တာ ဖြစ်ပါတယ်။ နောက်တတိယမေးခွန်းဖြစ်တဲ့ သတ်မှတ်သည့်အတိုင်း လုပ်ငန်းများ ဆောင်ရွက်မမရှိအောင် ဘယ်လိုအရေးယူဆောင်ရွက်မလဲဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျေးလက်သောက်သုံးရေကန်တူးဖော်ခြင်းလုပ်ငန်းများအပါအဝင် ကျေးလက်ဒေသဖွံ့ ဖြိုးရေး လုပ်ငန်းအရည်အသွေး၊ စံချိန်စံညွှန်းများကို လုပ်ငန်းဆောင်ရွက်နေတဲ့အခါမှာ ဒါမှမဟုတ် လုပ်ငန်းပြီးပြတ်တဲ့အချိန်တို့မှာ ရုံးချုပ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဆင့်ဆင့်တို့ကနေ စစ်ဆေးရေးအဖွဲ့များနဲ့ မြေပြင်ကို ကွင်းဆင်းတိုင်းတာစစ်ဆေးတာ ဖြစ်ပါတယ်။

အလားတူ မြို့နယ်နှင့်ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီများကနေပြီးတော့မှ လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် လုပ်ငန်းပြီးစီးမများကိုလည်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်ရှိလို့ရှိရင် သက်ဆိုင်ရာလုပ်ငန်း ဆောင်ရွက်တဲ့ကုမဏီများကို ညွှန်ကြားပြီးတော့မှ ပြုပြင်သွားရတာဖြစ်ပါတယ်။ သတ်မှတ်တဲ့အတိုင်း လုပ်ငန်းဆောင်ရွက်မမရှိခြင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်မပြီးစီးမရှိခြင်းကို အချိန်မီပြီးစီးစေရန် တွန်းအားပေး ဆောင်ရွက်ခြင်း၊ ရက်လွန်ဒဏ်ကြေး သတ်မှတ်ကျခံစေခြင်း၊ အဆင့်ဆင့်ကန်ထရိုက်ပေးတဲ့

စနစ်ကျင့်သုံးသည့် ကုမဏီကို အမည်မည်းစာရင်း(Black List) သွင်းခြင်းစသဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ကျန်တော်တို့ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမှာလည်း **Public Audit** လို့ခေါ်တဲ့ သက်ဆိုင်ရာပြည်သူလူထုအနေနဲ့လည်း ဒါကို သွားရင်းလာရင်း စစ်ဆေးပြီးတော့မှ အချိန်မီသတင်းပို့လို့ရှိရင်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၅ ခုနှစ် ဒီ(၅)နှစ်တာကာလအတွင်းမှာ ဒဏ်ကြေးပေးဆောင်ရတဲ့ကုမဏီ ၁၅၄ ခုနှင့် Black List သွင်းခံရတဲ့ ကုမဏီနှစ်ခုရှိကြောင်း တင်ပြအပ်ပါတယ်။

နောက် ကျန်တော်တို့ မေးခွန်းတစ်ခုဖြစ်တဲ့ ဒေသခံပြည်သူအတွက် အမှန်တကယ်လိုအပ်လျက်ရှိတဲ့ သောက်သုံးရေကန်များကို ဆောင်ရွက်ပေးခဲ့သော်လည်း အဆင့်ဆင့်သောကုမဏီများက ကန်ထရိုက် ဆက်ကာဆက်ကာပေးခဲ့ကြပြီး အမှန်တကယ် ပြည်သူများ စံချိန်စံညွှန်းပြည့်ဝစွာရရှိမည့် သောက်သုံးရေကန်များ မရရှိတဲ့ကန်ထရိုက်ကြီးတွေကို ဘယ်လိုပြုပြင်ဆောင်ရွက်မလဲဆိုတာကို သိလိုခြင်းနှင့်ပတ်သက်ပြီးတော့ (ဥပမာ-သပြေငူရေကန်)ကို နမူနာပေးပြီး မေးမြန်းသွားတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျန်တော်တို့ လတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ သပြေငူရေကန်ဟာ ငပုတောမြို့နယ်ခွဲဖြစ်တဲ့ ဟိုင်းကြီးမြို့နယ်မှာ တည်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေကျပ် ၇ သန်းနဲ့ဆောင်ရွက်တဲ့ရေကန်ဖြစ်ပြီးတော့မှ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း Area-51 Group Co,Ltd. ကနေ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ရဲ့ ထောက်ခံတင်ပြချက် လုပ်ငန်းအပ်နှံမှတ်တမ်းလာနှင့်အတူ စိစစ်တွေ့ရှိရပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ယခုကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ကျေးလက်ဒေသ သောက်သုံးရေကန်များအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ နိုင်ငံတော်က ခွင့်ပြုပေးတဲ့ရန်ပုံငွေ ဘတ်ဂျက်ကို လေလွင့်ဆုံးရှုံးမမရှိစေရန် ဝန်ကြီးဌာနအဆင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဆင့်ဆင့်နဲ့ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အထောက်အကူပြုအဖွဲ့များကနေ စနစ်တကျကြီးကြပ်ကွပ်ကဲဆောင်ရွက်ပြီးတော့မှ အခါအားလျော်စွာ သက်ဆိုင်ရာကိုယ်စားလှယ်တော်ကြီးများကလည်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးလျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ပြည်တွင်းလုပ်ငန်းရှင်များ (Stake Holder)အားလုံး အားကောင်းလာပြီးတော့မှ ပုဂ္ဂလိကလုပ်ငန်းများ

ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီးတော့မှ ယှဉ်ပြိုင်ရွေးချယ်လုပ်ငန်းအပ်နှံတဲ့ တင်ဒါကန်ထရိုက် စနစ်ကို ဖော်ဆောင်နေခြင်းဖြစ်ပါတယ်။

ကျန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အနေနဲ့ အထက်တွင် ကျန်တော်ဖြေကြားခဲ့တဲ့အတိုင်းပဲ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့၊ ပြည်နယ်နှင့်တိုင်း ဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှုးနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်တဲ့ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့များနဲ့ ရွေးချယ်ပြီး ကန်ထရိုက်စာချုပ် များချုပ်ဆို လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲ့ဒီလို ကန်ထရိုက်စာချုပ် ချုပ်ဆိုရာမှာ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ တင်ဒါရွေးချယ် အောင်မြင်တဲ့ကုမဏီတို့က ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်းဖြစ်ပြီးတော့မှ စာချုပ်စည်းကမ်းမှာလည်းပဲ ထပ်ဆင့်လုပ်ငန်းချထားခြင်း(Sub Contract) ခွင့်မပြုကြောင်း ဖော်ပြပါရှိပြီးဖြစ်ပါတယ်။ အကယ်၍ လုပ်ငန်းကန်ထရိုက်တာများအနေဖြင့် မိမိတို့လုပ်ငန်းအား ထပ်ဆင့်ကန်ထရိုက်အဆင့်ဆင့် ပေးမယ် ဆိုပါက စာချုပ်ပါစည်းကမ်းများ ဖောက်ဖျက်တဲ့အတွက် စာချုပ်ဖျက်သိမ်းခြင်း၊ စာချုပ်စဘော်ငွေနှင့် လုပ်ငန်းအာမခံစဘော်ငွေများအား နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ ကုမဏီအား အမည် စာရင်း (Black List)ဖော်ပြ၍ နောင်တွင် ကျန်တော်တို့ဝန်ကြီးဌာနနဲ့ ဆောင်ရွက်တဲ့မည်သည့် လုပ်ငန်းမျိုးမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုစေခြင်း စတဲ့အရေးယူဆောင်ရွက်မတွေကို ကျန်တော်တို့ ဆောင်ရွက်လျက်ရှိပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည့်ပြည့်စုံစုံဖြေကြားပေးသွားတဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနများက ဒုတိယဝန်ကြီးများအားလုံးကို ကျေးဇူးတင်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ပြည်သူ့လတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ်တင်သွင်းသည့် အစီရင်ခံစာကိုတင်ပြခြင်းနှင့် လတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်

တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ဒုတိယအကြိမ်တင်သွင်းတဲ့ အစီရင်ခံစာကို တင်ပြမှာဖြစ်တဲ့ အတွက် အစီရင်ခံစာတင်ပြဖို့ ဖိတ်ခေါ် အပ်ပါတယ်။

**ဦးသန်းနွယ်(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)** ။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ကြွရောက်လာတဲ့ ဧည့်သည်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျန်တော်ကတော့ ဘုတလင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ အဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ ကျန်တော့်အနေနဲ့ အစီရင်ခံစာ ကို တင်ပြသွားမှာဖြစ်ပါတယ်။ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိတ်ဝင်စားစွာဆွေးနွေးချက်များကို အခြေခံပြီးတော့ ပြုစုထားတဲ့အစီရင်ခံစာ ဖြစ်ပါတယ်။ ကျန်တော်တို့ အစီရင်ခံစာမှာ ပြည်ထောင်စုအစိုးရအဖွဲ့မှ လွှတ်တော်တွင်း ကြယ်ပွင့်ပြ မေးခွန်းများ၊ အဆိုများနဲ့ ကြယ်ပွင့်မပြမေးခွန်းများ၊ အတည်ပြုတဲ့အဆိုများအပေါ် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က အာမခံကတိပြုခဲ့တဲ့လုပ်ငန်းများထဲမှ လက်ရှိကာလအတွင်း ဆောင်ရွက်နိုင် ခြင်းမရှိသဖြင့် အဆိုပါ ကတိပြုခဲ့တဲ့လုပ်ငန်းအချို့ကို ပယ်ဖျက်ပေးပါရန်နှင့် ပထမအကြိမ် ပြည်သူ့ လွှတ်တော်သက်တမ်းအတွင်း ကျင်းပခဲ့သည့် ပုံမှန်အစည်းအဝေးများအနက် ၂၃-၁၁-၂၀၁၅ ရက်နေ့ အထိ ဆောင်ရွက်ရသည့်တာဝန်များမှ တွေ့ရှိရတဲ့ကော်မတီ၏ အခက်အခဲများနဲ့ ပတ်သက်တဲ့အချက် များကို ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးမှ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မတီဖွဲ့စည်းရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးသတ်မှတ်ပြီး တာဝန်များ၊ လုပ်ပိုင်ခွင့်များ သတ်မှတ်ကာလ အတွင်း ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ တင်ပြရန်တာဝန်ပေးခဲ့ပါတယ်။ ကော်မတီ အနေနဲ့ ယခင် (၁၂)ကြိမ်၊ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ အစီရင်ခံစာအသေးစိတ် ပြုစု တင်ပြပြီးဖြစ်ပါတယ်။ အခုတင်ပြတဲ့ ဒုတိယအကြိမ် အစီရင်ခံစာကို အသေးစိတ်တင်ပြခြင်းမပြုတော့ ဘဲ ကောက်နုတ်တင်ပြသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကော်မတီဖွဲ့စည်းရာမှာ ဒီကော်မတီကို ပြည်သူ့လွှတ်တော်ရုံးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပါတယ်။ ကော်မတီ များကိုလည်း ကျန်တော်တို့ ပြောင်းလဲဖွဲ့စည်းခြင်းများရှိပါတယ်။ ကျန်တော်တို့ ပြောင်းလဲဖွဲ့စည်းတာ

(၄)ကြိမ်ရှိခဲ့ပါတယ်။ အစီရင်ခံစာမှာ ဖော်ပြခြင်းဖြစ်ပါတယ်။ ကော်မတီမှာ ပါတီများပါဝင်မအနေနဲ့ နိုင်ငံရေးပါတီ ခြောက်ခုနှင့် ပြည်သူ့လွှတ်တော်တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပါဝင်ကြောင်းတင်ပြအပ်ပါတယ်။ ကျန်တော်တို့ ကော်မတီမှာ တွဲဖက်ပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးအဖွဲ့ဝင် ဒေါ်လှဲ့လှဲ့ဝင်းအား ဥပဒေကိစ္စများ ညှိနှိုင်း ပေါင်းစပ်အကြံပြုဆောင်ရွက်နိုင်ရန် တွဲဖက်ပေးခဲ့ပါတယ်။ အလားတူပဲ ကျန်တော်တို့ ပြည်သူ့လွှတ်တော်ရုံးကနေပြီးတော့ ၉-၆-၂၀၁၄ ရက်နေ့မှာ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦးကိုလည်းပဲ ကော်မတီလုပ်ငန်းများလေ့လာနိုင်ဖို့ ကော်မတီက တွဲဖက်ပေးခဲ့ပါတယ်။ ကျန်တော်တို့ အစီရင်ခံစာများ တင်ပြတဲ့အခါမှာ ကော်မတီရဲ့အစီရင်ခံစာတွေကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပါပုဒ်မ ၁၀၀ နဲ့အညီ ကော်မတီသို့ အစီရင်ခံစာများ တင်ပြရန် သတ်မှတ်ပေးတဲ့အတွက် ကျန်တော်တို့ လွှတ်တော်တိုင်းမှာ၊ ပုံမှန်အစည်းအဝေးတိုင်းမှာ ကျန်တော်တို့ ကော်မတီအနေနဲ့ တင်ပြခဲ့ပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကနေပြီးတော့ ကျန်တော်တို့ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကျင်းပသည့်ကာလ ၂၃-၁၂-၂၀၁၅ ရက်နေ့ထိ တင်သွင်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနဲ့ ပတ်သက်ပြီး ကျန်တော့်အနေနဲ့ ရှင်းလင်းတင်ပြသွားပါမယ်။ ကျန်တော်တို့ ဒီကာလအတွင်းမှာ ကြယ်ပွင့်ပြမေးမြန်းတဲ့မေးခွန်းအနေနဲ့ မေးခွန်းပေါင်း ၂၃၆၉ ခုရှိပါတယ်။ ကတိမဖြစ်တာ ၁၄၇၄ ခုရှိပါတယ်။ ကတိဖြစ်တဲ့ ကြယ်ပွင့်ပြမေးခွန်းက ၈၉၅ ခုဖြစ်ပါတယ်။ ကြယ်ပွင့်မပြမေးခွန်းများအနေနဲ့ မေးခွန်းပေါင်း ၇၉၀၇ ခုရှိပါတယ်။ ကတိမဖြစ်တဲ့မေးခွန်း ၅၀၅၅ ခုရှိပါတယ်။ ကတိဖြစ်တဲ့မေးခွန်းကတော့ ၂၈၅၂ ခုရှိပါတယ်။ အဆိုများကို တင်ပြရရင်တော့ အဆိုက ၂၁၈ ခုရှိပါတယ်။ အတည်မပြုတဲ့အဆို ၁၂၁ ခုဖြစ်ပါတယ်။ အတည်ပြုတဲ့အဆိုက ၉၇ ခုဖြစ်ပါတယ်။ ကတိဖြစ်တဲ့ ကြယ်ပွင့်ပြမေးခွန်း ၈၅၉ ခုအနက် ဆောင်ရွက်ပြီးတဲ့လုပ်ငန်းက ၇၄၈ ခု၊ ဆောင်ရွက်ဆဲလုပ်ငန်း (၈)ခုနဲ့ ပယ်ဖျက်ရန်ညှိနှိုင်းလာသောလုပ်ငန်း ၁၃၉ ခုရှိပါတယ်။ ကတိဖြစ်တဲ့ ကြယ်ပွင့်မပြမေးခွန်း ၂၈၅၂ ခုကနေပြီးတော့ ဆောင်ရွက်ပြီးလုပ်ငန်း ၂၂၃၂ ခု၊ ဆောင်ရွက်ဆဲလုပ်ငန်း ၄၇ ခုနှင့် ပယ်ဖျက်ရန်တင်သွင်းလာသည့်လုပ်ငန်း ၅၇၃ ခုရှိပါတယ်။ အတည်ပြုအဆို ၉၇ ခုကနေပြီးတော့ ဆောင်ရွက်ပြီးလုပ်ငန်း ၈၅ ခု၊ ပယ်ဖျက်ရန်ညှိနှိုင်းလာသည့် လုပ်ငန်း ၁၂ ခုဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် စုစုပေါင်း ၂၃-၁၂-၂၀၁၅ ရက်နေ့အထိ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်သူ့လွှတ်တော်ရုံးသို့ ပယ်ဖျက်ရန် ညှိနှိုင်းလာသည့်လုပ်ငန်းဟာ ၇၄၂ ခုဖြစ်ပါ

တယ်။ အဲဒီလုပ်ငန်းများ ဖြစ်ပေါ်ရခြင်းနဲ့ပတ်သက်ပြီးတော့ ကျန်တော်တို့ စိစစ်သုံးသပ်ချက်များကို ဒီအစီရင်ခံစာမှာ ထည့်သွင်းဖော်ပြထားပါတယ်။ ကျန်တော်တို့ကော်မတီဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းတဲ့ မေးခွန်းများဖြစ်တဲ့ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ၊ အတည်ပြုအဆိုပြုချက်များအပေါ် နောက်တစ်ကြိမ် ပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာတင်သွင်းနိုင်ရန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအား ကော်မတီဝင်များနှင့် ညှိနှိုင်းအစည်းအဝေးများ (၁၃)ကြိမ်ပြုလုပ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေများပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ရေးဆွဲခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနအတွက် ဥပဒေ ၁၄ ခု၊ ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲခြင်းလုပ်ငန်းများကို တာဝန်ပေးချက်အရ ကျန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ပြင်ဆင်ပြဋ္ဌာန်းပြီးဥပဒေ တစ်ခု၊ ရုပ်သိမ်းပြီးဥပဒေ တစ်ခု၊ အသစ်ရေးဆွဲရမယ့်ဥပဒေတစ်ခု၊ လက်ရှိအတိုင်းဆက်လက်ကျင့်သုံးရန် ဥပဒေ ၁၁ ခုကို ကျန်တော်တို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ နောက် ကျန်တော်တို့ မှတ်တမ်းမှတ်ရာများကိုလည်း စနစ်တကျမှတ်တမ်းပြုစုထိန်းသိမ်းခြင်းနှင့် လဲပြောင်းနိုင်ရန်အတွက် ကျန်တော်တို့ ဆောင်ရွက်ထား တဲ့အခြေအနေကို တင်ပြမည်ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ၂၀၁၁ ခုနှစ် ပုံမှန် အစည်းအဝေး ကျင်းပတဲ့ကာလကနေပြီးတော့ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပသည့်ကာလ ၂၃-၁၂-၂၀၁၅ ရက်နေ့အထိ ကော်မတီက ပေးအပ်ထားသည့်တာဝန်တစ်ရပ်ဖြစ်တဲ့ ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြမေးခွန်းများ၊ အတည်ပြု အဆိုများအား စနစ်တကျမှတ်တမ်း၊ စာအုပ်စာတမ်း အစီရင်ခံစာတွေ ပြုစုထားပါတယ်။ Data Softhing Program ဖြင့် ကော်မတီမှာလည်း ထိန်းသိမ်းထားပါတယ်။ အဲဒီအစီရင်ခံစာတွေကို ပြည်သူ့လွှတ်တော်ရုံး သက်ဆိုင်ရာစာကြည့်တိုက်သို့ မှတ်တမ်းထားနိုင်ရန် ပေးပို့တင်ပြခြင်း၊ ၎င်းမှတ်တမ်းများကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်မှ ပေးအပ်ထားသည့်ကော်မတီသို့ လဲပြောင်းနိုင်ရန်လည်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ယခု ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကနေပြီးတော့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှာ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပမှာ အာမခံကတိပြုတဲ့ လုပ်ငန်းအချို့ သတ်မှတ်ချိန်အတွင်းမှာ ပြီးစီးနိုင်ခြင်း မရှိသဖြင့် ညှိနှိုင်းရခြင်းအကြောင်းသုံးရပ်နဲ့ ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပွင့်လင်းမြင်သာစေရန် ဆက်လက်တင်ပြမည်ဖြစ်ပါတယ်။ ပြည်ထောင်စုအဖွဲ့ရုံးကနေပြီးတော့ ပြည်သူ့လွှတ်တော်ရုံးကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ အာမခံကတိပြုခဲ့သည့် လုပ်ငန်းများအနက် ကတိပြုစာရင်းမှ ပယ်ဖျက်ရန် ညှိနှိုင်းရမည့်လုပ်ငန်းများ ကတိပြုကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြမေးခွန်းများ၊ အတည်ပြုအဆိုများအား ကော်မတီမှ (၁၂)ကြိမ်

မြောက် ပုံမှန်အစည်းအဝေး ဒုတိယအကြိမ် အစီရင်ခံစာအဖြစ် ၂၁-၈-၂၀၁၅ ရက်နေ့မှာ တင်ပြပြီး ဖြစ်ပါတယ်။ (၁၃) ကြိမ်မြောက် ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးသို့ တင်သွင်းတဲ့ အစီရင်ခံစာမှာလည်း ပယ်ဖျက်ရန်၊ ထပ်မံတင်သွင်းလာသည့်လုပ်ငန်းများအား ကော်မတီမှ တင်ပြချက်အတိုင်း ကတိပြုလုပ်ငန်းမှန်/မမှန် စိစစ်ပြီး ပြည်သူ့လွှတ်တော်ကို တင်ပြီးဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ပထမအကြိမ် အစီရင်ခံစာ တင်သွင်းပြီးနောက် ၂၃-၁၂-၂၀၁၅ ရက်နေ့အထိ ကတိဖြစ်လုပ်ငန်းများအနက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်သူ့လွှတ်တော်ရုံးသို့ ပယ်ဖျက်ရန် ရည်ညွှန်းလာသည့် ကြယ်ပွင့်ပြမေးခွန်းမှ လုပ်ငန်း ၂၅ ခု၊ ကြယ်ပွင့်မပြမေးခွန်းမှာလုပ်ငန်း ၁၂၃ ခု၊ အတည်ပြုအဆို ၁ ခု စုစုပေါင်း ၁၄၉ ခုအားလည်း ထပ်မံပေးပို့လာပါတယ်။ ဒါကြောင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ငါးနှစ်တာကာလအတွင်းမှာ ၂၃-၁၂-၂၀၁၅ ရက်နေ့အထိ ကတိဖြစ်လုပ်ငန်း၊ ပယ်ဖျက်ပြီးသည့်လုပ်ငန်းစုစုပေါင်း ၇၂၄ ခု၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ခဲ့မအပေါ် ကော်မတီမှ ညှိနှိုင်းသည့်အချက်များအား စနစ်တကျစိစစ်ပြီး ယခုအစီရင်ခံစာ အတည်ပြုတင်ပြခြင်းဖြစ်ပါတယ်။ ကော်မတီမှ ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းငါးနှစ်အတွင်း တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ဆက်လက်တင်ပြပါမယ်။

အကြံပြုချက်(၁)ကတော့ ကော်မတီဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပုဒ်မ ၁၁၅ (က)အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ကော်မတီ ၄ ခုမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ သို့သော်လည်းပဲ လုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ ကော်မတီက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ကတိပြုထားသည့်လုပ်ငန်းများ စိစစ်ပြီး အစီရင်ခံစာပြုစုကာ ပြည်သူ့လွှတ်တော်ရုံးသို့ တင်ပြရန်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပုဒ်မ(ခ)နှင့်အညီ အာဏာသုံးရပ်တပ်နိုင်သမျှ ပိုင်းခြားခန့်ခွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်း Receive Program Control Check and Balance ပြုစုအားဖြင့်လည်းကောင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း အချင်းချင်းဆက်သွယ်နိုင်မမရရှိသည့်အတွက် အချိန်ကြန့်ကြာမကန့်သတ်ချက်များလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် အဲဒီလုပ်ငန်းအခက်အခဲများ တွေ့ရှိရခြင်းတို့ကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်လို ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**မူကြမ်း**

အကြံပြုချက်(၂)အနေနဲ့တော့ ကော်မတီက ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃ နှင့်အညီ တာဝန်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ကော်မတီပုံမှန်အစည်းအဝေး ကျင်းပပြီး နောက်တစ်ချိန်ပုံမှန်အစည်းအဝေးမစတင်မီကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ ရုံးအဖွဲ့မှူးများနှင့်ကော်မတီမှ တာဝန်ရှိသူများ နှင့်ကော်မတီဝင်များ ညှိနှိုင်းအစည်းအဝေးပြုလုပ်ဆောင်ရွက်ခဲ့သည့် ကတိပြုလုပ်ငန်းဆောင်ရွက် ပြီးစီးမအခြေအနေတွေကို သတ်မှတ်ညှိနှိုင်းခဲ့သော်လည်း အချို့ပြည်ထောင်စုအဆင့်များမှ သတ်မှတ် တဲ့အတိုင်း အချိန်မီပေးပို့လာခြင်းမရှိသည့်အတွက် ကော်မတီမှ အစီရင်ခံစာပြုစုရာ၌လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များထံ အချိန်မီဖြန့်ဝေရန် ဆောင်ရွက်ရာ၌လည်းကောင်း၊ အချိန်အကန့် အသတ် ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် ဒါဟာလည်း ကျန်တော်တို့ သုံးသပ်ပြီးတော့ ဆောင်ရွက် သင့်တဲ့ ထပ်မံအကြံပြုချက် (၂) ဖြစ်ပါတယ်။

အကြံပြုချက် (၃)အနေနဲ့ကတော့ ကော်မတီမှ လုပ်ငန်းစိစစ်ရေး အဖွဲ့ လေးဖွဲ့အဖြစ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ အာမခံကတိပြုထားတဲ့ ဆောင်ရွက်ပြီးလုပ်ငန်းများ သက်ဆိုင်ရာနယ်ပယ်များသို့ သွားရောက်စိစစ်ရာမှာ ခွင့်ပြုပြီးလုပ်ငန်းသတ်မှတ်ကာလအတွင်း ပြီးစီး ရန်ဆောင်ရွက်တဲ့အခါမှာ မြေနေရာပိုင်ဆိုင်မပြဿနာ မပြီးသတ်သဖြင့် လုပ်ငန်းလက်ကျန်တွေ တွေ့ရှိရပါတယ်။ လုပ်ငန်းများသတ်မှတ်ကာလအတွင်း ပြီးစီးရန်ဆောင်ရွက်ရာ၌ စီမံခန့်ခွဲမနှင့် ဆိုင်တဲ့ပြဿနာတွေတွေ့ရှိရပါတယ်။ အဲ့တော့ လုပ်ငန်းများအကောင်အထည်ဖော်မ မပြီးပြတ်ဘဲနဲ့ လက်ကျန်လုပ်ငန်းအချို့ရှိကြောင်းလည်းတွေ့ရပါတယ်။ ဒ့ါအပြင် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှစပြီး ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးဌာနများကနေပြီးတော့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသို့ ကတိပြုလုပ်ငန်းများဆောင်ရွက်ရန် ဘတ်ဂျက်ငွေခွဲဝေပေးတဲ့အခါမှာ အချို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ ဘတ်ဂျက်ပါခွင့်ပြုသည့်လုပ်ငန်းများအစား အခြားလုပ်ငန်းကို ခေါင်းစဉ်လဲပြောင်းသုံးစွဲခြင်း၊ ကတိပြုထားတဲ့လုပ်ငန်းအချို့ဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျော်လွန်ဘတ်ဂျက်များအဖြစ်လည်းကောင်း ဆောင်ရွက်ရမည့် လုပ်ငန်းတွေ့ပါရှိနေခြင်းကြောင့် အာမခံကတိပြုလုပ်ငန်းအချို့ ပြီးပြတ်မမရှိသည်ကို စိစစ်တွေ့ရှိရခြင်းကြောင့် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးက ပြည်သူ့လွှတ်တော်ရုံးသို့ ကတိပြုလုပ်ငန်းများအနက် ပယ်ဖျက်ရန်ညှိနှိုင်းလာသည့်လုပ် ငန်း ၇၂၄ ခု ဖြစ်ပေါ်ကြောင်း ကော်မတီမှ သုံးသပ်တွေ့ရှိရပါတယ်။

အကြံပြုချက်(၄)အနေနဲ့ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၌ မေးမြန်းသည့်ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများနှင့် ပတ်သက်ရာတွင်လည်းကောင်း၊ လာရောက်ဖြေကြားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားတဲ့အခါမှာ လွှတ်တော်က သတ်မှတ်အချိန်ထက် ကျော်လွန်ဖြေကြားခြင်း၊ ဖြေဆိုမပြတ်သား၍ ကော်မတီမှ ကတိဖြစ်/ကတိမဖြစ် မှတ်တမ်းပြုစရာ၌ ဆုံးဖြတ်ရန်အခက်အခဲတွေတွေ့ရသဖြင့် ပြန်လည်စိစစ်နေရသဖြင့် အချိန်ကြန့်ကြာမများကော်မတီအနေနဲ့ တွေ့ရှိရပါတယ်။ ဒါကြောင့် တင်ပြပါအကြံပြုချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်မှာ အဆိုပါတွေ့ရှိချက်များအပေါ် ပြန်လည်သုံးသပ်သင့်ပါကြောင်း ကော်မတီမှ အကြံပြုတင်ပြအပ်ပါတယ်။

နိဂုံးချုပ်တင်ပြချက် အစီရင်ခံစာပါအဓိက သုံးချက်အား နိဂုံးချုပ်နဲ့ဆက်လက်တင်ပြမည်ဖြစ်ပါတယ်။ နံပါတ်(၁) ယခု တင်ပြသည့်အစီရင်ခံစာသည် အချက်အလက်မှန်ကို စိစစ်ပြီး ပြည်သူ့လွှတ်တော်နှင့် ကိုယ်စားလှယ်များထံ ပွင့်လင်းစွာ တင်ပြခြင်းဖြစ်ပါတယ်။ နံပါတ်(၂) ပြည်ထောင်စုအစိုးရအဖွဲ့မှ လွှတ်တော်ရုံးသို့ကတိဖြစ်လုပ်ငန်းများမှ မပြီးပြတ်နိုင်သည့်လုပ်ငန်းများအား ပယ်ဖျက်ရန်ညှိနှိုင်းသည့်လုပ်ငန်းများအား အစီရင်ခံစာနောက်ဆက်တွဲတွင် စနစ်တကျ ပြုစုပြီးတော့ တင်ပြထားပါတယ်။ နံပါတ်(၃) ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်း ငါးနှစ်အတွင်း မေးခွန်းများ၊ အဖြေများနှင့် ပတ်သက်၍ အစီရင်ခံစာ ပြုစုတင်ပြရာ၌ ကော်မတီမှ တွေ့ရှိသည့်လုပ်ငန်းစဉ်အားခက်ခဲ၍ အားနည်းချက်၊ အားသာချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)ပါ အပြန်အလှန်ထိန်းကျောင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ၌ လွယ်ကူချောမွေ့စွာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးဆောင်ရွက်ပေးနိုင်ရန် ကော်မတီမှပြန်လည်စိစစ်သုံးသပ်ချက်များဖြင့် ပြုစုတင်ပြသည့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိစာရင်းမှ ပယ်ဖျက်ရန်ညှိနှိုင်းလာသည့် လုပ်ငန်း ၇၂၄ ခုပါဝင်သည့် ယခုကော်မတီ၏ အစီရင်ခံစာအား ပြည်သူ့လွှတ်တော်မှ သဘောတူမှတ်တမ်းတင်ပေးပါရန် တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဃ)အရ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီရဲ့ ဒုတိယအကြိမ်တင်သွင်းတဲ့ အစီရင်ခံစာကို

လတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုတင်သွင်းရန်အတွက် ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးလှထွန်းဦး(အဖွဲ့ဝင်၊ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ အနေနဲ့ ပြည်သူ့လွှတ်တော်မှ အတည်ပြုနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဃ)အရ ကျွန်တော် ပြည်သူ့လွှတ်တော် ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦးမှ လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ ဒုတိယအကြိမ်တင်သွင်းတဲ့ အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ ဒုတိယအကြိမ်တင်သွင်းတဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် လွှတ်တော်နှစ်ရပ်လုံးက သဘောတူညီ ခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော် နာယကထံပေးပို့ပြီးဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၃-၁-၂၀၁၆ ရက်နေ့က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး

နောက် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)အရ ပြည်ထောင်စုလွှတ်တော်နာယကထံ ၁၄-၁-၂၀၁၆ ရက်နေ့က ပေးပို့ပြီးဖြစ်ကြောင်းနှင့် နည်းဥပဒေခွဲ(ဃ)အရ အမျိုးသားလွှတ်တော်သို့ အကြောင်းကြားပြီးဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော နိုင်ငံတော်သမတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းကို၁၄-၁-၂၀၁၆ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးပြီးဖြစ်ပါတယ်။ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၉-၁-၂၀၁၆ ရက်နေ့ (အင်္ဂါနေ့ညနေ)၁၆ နာရီနောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ကျင်းပမည့်

ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၁၁း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]